
mgyoe.com
SAMPLE BOOK

# ပွဲကိုင်ရှင်

မဂ္ဂဇင်းအယ်ဒီတာ များနှင့်တွေ့ဆုံခြင်း

## မာန် (တောင်လုံးပြန်)



Wellness

The Myanmar INDEPENDENT News Journal

THE PEOPLE'S AGE

mgyoe.com SAMPLE BOOK

THE PEOPLE'S AGE

Wellness

The Myanmar INDEPENDENT News Journal

အရေးအမြင်

# ပွဲကိုင်ရှင်

မဂ္ဂဇင်းအယ်ဒီတာ များနှင့်တွေ့ဆုံခြင်း

မာန် (တောင်လုံးပြန်)

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၃ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - ဝင်းမြင့်ဦး .

တန်ဖိုး - ၂၅၀၀ ကျပ်

၈၉၅·၈၃

မာန်(တောင်လုံးပြန်)

ပဲ့ကိုင်ရှင်(မဂ္ဂဇင်းအယ်ဒီတာများနှင့် တွေ့ဆုံခြင်း) / မာန်(တောင်လုံးပြန်)။ - ရန်ကုန်။

ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်။

စာမျက်နှာ-၂၅၃၊ ၁၃×၂၀ စင်တီမီတာ။

(၁) ပဲ့ကိုင်ရှင်(မဂ္ဂဇင်းအယ်ဒီတာများနှင့် တွေ့ဆုံခြင်း)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆရာဝင်းငြိမ်း | ၈ |
| ၂။ | ဆရာမျိုးမြင့်ငြိမ်း | ၈၆ |
| ၃။ | ဆရာမောင်ဝံသ | ၁၆၂ |
| ၄။ | ဆရာကိုရဲ(သရဖူမဂ္ဂဇင်း) | ၂၀၀ |
| ၅။ | ဆရာမောင်စိမ်းနီ | ၂၁၄ |


mgyoe.com

mgyoe.com SAMPLE BOOK

# စာတည်းအဖွဲ့ကိုယ်စား

ကျွန်တော်တို့ စာပေတိုက်အနေနှင့် မျက်မှောက်ခေတ် အယ်ဒီတာများနှင့်ပတ်သက်၍ ဘဝ မှတ်တမ်းဆန်သော အင်တာဗျူးများ ပြုလုပ်မည်ဟု တိုင်ပင်စဉ်က အယ်ဒီတာ နာမည်စာရင်း များကို ရွေးချယ်ကြပါသည်။ ရွေးချယ်ရာတွင် ကျွန်တော်တို့ အင်တာဗျူးလုပ်လိုသော ဆရာ၊ ဆရာမများ၏ အမည်စာရင်းများ များစွာထွက်ပေါ်လာခဲ့ပါသည်။ သို့ရာတွင် ခက်ခဲ နေသည်ကား ဆရာ၊ ဆရာမများမှာ မဂ္ဂဇင်း လက်ဝယ်ရှိမနေသည်က များနေသည်။ ထို့ကြောင့် မူတစ်ခုကို ရွေးချယ်လိုက်သည်။ နှစ်ရှည်လများ မဂ္ဂဇင်းလက်ကိုင်ပြုထားလျက် ပါဝင်ဖြေကြားရန် စိတ်ပါဝင်စားသော အယ်ဒီတာများကို ရွေးချယ်လိုက်ပါသည်။ ထို့ပြင် ဂုဏ်သိက္ခာနှင့် အကျိုးပြုမဂ္ဂဇင်းအဖြစ်ပါ ပူးတွဲဆန်းစစ်လိုက်ပါသည်။

ဤတွင် မေးစရာ မေးခွန်း ထွက်လာပါသည်။ ကျွန်တော်တို့ အင်တာဗျူးက ဘာမို့လို့လဲဟူသော မေးခွန်းပင်။ မှန်ပါသည်။ မေးစရာကောင်းပါသည်။ ကျွန်တော်တို့က လည်း ဖြေရပါမည်။ ဤအင်တာဗျူးသည် ဖြစ်ကတတ်ဆန်း နှုတ်ကြားလက်ထောက်၍ ယောင် ယောင်ယမ်းယမ်း မေးထားသော မေးခွန်းများ မဟုတ်ပါဟူ၍ပင်။ ကျွန်တော်တို့ အချိန်များစွာ လေ့လာအားထုတ်ပြီးမှ၊ ဆရာသမားများထံ ဦးစွာပဏာမ ဆွေးနွေးညှိနှိုင်းပြီးမှ မေးခွန်း ထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် နဂိုကပင်လျှင် ပေါ့တီးပေါ့ဆ သဘောမထားခဲ့ပါချေ။ ထို့အတူ ဖြေကြားပေးကြပါသော ဆရာသမားများဘက်ကလည်း တွေ့ကြုံဖြတ်သန်းခဲ့သမျှ အစုံစုံ၊ ဘဝဖြစ်စဉ် အဖုံဖုံ၊ သိထားသမျှ အကုန်ပင် ဖြေကြားပေးကြပါသည်။

စာဖတ်ပရိသတ်အနေဖြင့် ပဏာမမေးခွန်းတစ်ခု၊ နှစ်ခုမျှ ဖတ်ကြည့်ရုံဖြင့် ဤအင်တာဗျူး မပေါ့ပါလားဟု တွေးဖြစ်ပါလိမ့်မည်။ ထိုသို့ ဖြစ်စေရန် ကျွန်တော်တို့ စာတည်းအဖွဲ့အနေဖြင့် အချိန်များစွာယူ၍ ပင်ပန်းကြီးစွာ ကြိုးစားခဲ့ရခြင်း ဖြစ်ပါသည်။ စကားတစ်ခွန်း၊ စာတစ်လုံး၊ ဝါကျတစ်ကြောင်းကအစ ပရိသတ် ရင်ထဲ လျှောခနဲ စီးဝင် သွားရန် အားထုတ်ခဲ့ပါသည်။

အင်တာဗျူးခဲ့သည့်ကာလမှာ ၂၀၁၀ ခုနှစ်အတွင်း တွေ့ဆုံမေးမြန်းခဲ့သည့် အင်တာဗျူးများ ဖြစ်ပြီး မည်သည့်စာမျက်နှာထက်မှာမှ မဖော်ပြရသေးသော အင်တာဗျူး များ ဖြစ်ပါသည်။

ကျွန်တော်တို့အနေဖြင့် ဤအင်တာဗျူးများ ဖြစ်ထွန်းခွင့်ရသည့်အတွက် ပါဝင် ဖြေကြားပေးပါသော ဆရာသမားများနှင့် ပရိသတ်ကြား ပြည့်ဝသော ရင်းနှီးချစ်ခင်မှု၊ သိနားလည်မှု၊ စာပေသမိုင်းကြောင်းတို့နှင့်တကွ ဒါဟာ လိုအပ်ချက်တစ်ခုပါလားဟု သိမြင် လက်ခံမိစေရန် ရည်သန်အားထုတ်ရခြင်း ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

မာန်(တောင်လုံးပြန်)
စာတည်းအဖွဲ့ကိုယ်စား

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာဝင်းငြိမ်း

**(၂၀၁၀) ခုနှစ်**

ကျွန်တော့်အတွက် ပထမဆုံး ကြည်နူးဝမ်းသာစေတဲ့ ဖြစ်ရပ်လေးက ဆရာဟာ ဘယ်သူနဲ့မှ ဒီလို ဘဝပုံရိပ်တွေ အင်တာဗျူး မလုပ်ဘဲ ကျွန်တော်မို့လို့ လုပ်ဖြစ်တာဆိုတဲ့ စကားလေးပါပဲ။ ဆရာ့ရဲ့ ချီးမြှင့်မှုလို့ ကျွန်တော် ကြည်နူးဝမ်းမြောက်စွာ ခံယူမိပါတယ်။

ဆရာဟာ ကျွန်တော်နဲ့တကွ 'ရွှေ'က ထွက်တဲ့ ကလောင်ရှင်တွေအပေါ် အစဉ်အမြဲ ခိုင်မာတဲ့ မေတ္တာ၊ စေတနာနဲ့ ပံ့ပိုးကူညီခဲ့တာ ကြိမ်ဖန်များစွာပါ။ ဆရာ့ရဲ့ ဘဝပုံရိပ်တွေကို စာအုပ်ရေးဖို့ ကျွန်တော့်ကို ခွင့်ပြုခဲ့တဲ့အတွက် ကျွန်တော့်ဘက်ကလည်း ဆရာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို လနဲ့ချီပြီး လေ့လာခဲ့ရပါတယ်။ ပြီးတော့မှ ဆရာ့ရဲ့ ပုခက်တွင်းကနေ စခဲ့တဲ့ ငယ်ဘဝပုံရိပ်အချို့ကို နမူနာမေးခွန်း ပြလိုက်တော့ ဆရာ ကျေနပ်သွားပါတယ်။ ဝေဝေဝါးဝါး လုပ်နေတာ မဟုတ်မှန်း ဆရာ လက်ခံသွားပြီဆိုမှ မေးခွင့်ရခဲ့တာပါ။ ဆရာ့ရဲ့ ဘဝဖြတ်သန်းမှုတွေ သိရဖို့အတွက် ဆရာ ဝန်ထမ်းလုပ်ခဲ့ဖူးတဲ့ ရသုံးမှန်းခြေငွေစာရင်းဌာန၊ နေပြည်တော်က မိတ်ဆွေတွေဆီ ဖုန်းဆက်။ ဆရာနဲ့ တွဲဖက်

mgyoe.com

mgyoe.com SAMPLE BOOK

တာဝန်ယူခဲ့ကြတဲ့ လူဟောင်းတွေကို စုံစမ်း၊ မှတ်သင့်တာမှတ်၊ အမျိုးသား စာကြည့်တိုက်ကို သွား။ ပေဖူးလွှာ၊ ရွှေအမြုတေနဲ့ ဆရာ့စာအုပ်တွေ လေ့လာ၊ မေးခွန်းတွေ ထုတ်ခဲ့ပါတယ်။

ဆရာနဲ့ အင်တာဗျူးချိန်မှာတောင် အချိန်ကို ပိုင်းဖြတ်ပြီး ၃ ကြိမ်ခွဲပြီး တွေ့ခဲ့ပါတယ်။ တစ်ကြိမ်တည်း မေးလိုက်ရင် အလောတကြီးဖြစ်ပြီး မစုံမလင် ဖြစ်သွားမှာစိုးလို့ပါ၊ ဖြစ်ချင်တော့ ပထမအကြိမ် တွေ့ဆုံနေချိန်မှာပဲ အစ်မဝိုင်းရဲ့ ယောက္ခမကြီးဖြစ်သူ၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ရဲ့ ဇနီး ကြီးကြီးဒေါ်နီနီခင် နေအိမ်မှာ အနုကြမ်းစီးခံရလို့ ဆေးရုံကြီး(ဦးနှောက်နှင့်အာရုံကြော) အရေးပေါ် ဌာနကို တက်ခဲ့ရပါတယ်။ ကျွန်တော်လည်း မနက်ပိုင်း လူနာစောင့် ဝင်လုပ်ပေး ခဲ့ပါတယ်။ ဆေးရုံမှာ ၁၀ ရက် ကုသမှု ခံယူခဲ့ရပါတယ်။ ဆရာနဲ့ တတိယ အကြိမ် တွေ့ဆုံချိန်မှာတော့ အစ်မဝိုင်းလည်း နည်းနည်းစိတ်အေးလက်အေး ဖြစ်နေပါပြီ။

ကျွန်တော့်အပေါ် အစဉ်အမြဲ စေတနာ၊ မေတ္တာထားခဲ့တဲ့ ဆရာ့ရဲ့ ဂုဏ်ကျေးဇူးများကို မှတ်မှတ်ရရ ကျေးဇူးတင်နေမိပါတော့တယ်။

♦

**စာတည်း** ။ ။ ဆရာကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါရစေ ဆရာ။ ကျွန်တော် ဆရာ့ကို ငယ်ဘဝပုံရိပ်တွေ အရင်ဆုံး မေးခွင့်ပြုပါ ဆရာ။ ဆရာ ငယ်ငယ်ကတည်းက အမေ့ဆီမှာ နို့စို့ပြီး အဘိုးက ချီချီသွားတယ် ဆိုတာတွေ၊ နောက်ပြီးတော့ နည်းနည်းကြီးလာတဲ့ အချိန်မှာ ဆရာ့မိဘတွေ ရန်ကုန် ပြောင်းသွားတဲ့အတွက် ကျောင်းပိတ်ရက် ရောက်မှ မိဘတွေရှိတဲ့ ရန်ကုန်ကို လိုက်လာခွင့် ရတာတွေ၊ ဆရာ့မိသားစုအကြောင်းတွေ နည်းနည်းပြောပြပေးပါဦး။

**ဆရာဝင်းငြိမ်း** ။ ။ ကျွန်တော့် အဘိုး အဘွားမှာ သား လေးယောက် ရှိပါတယ်။ ကျွန်တော့်အဖေက ကျားဘညိမ်းပါ။ အဖေ ဦးဘညိမ်းရယ်၊ ဦးဘသိန်းရယ်၊ ဦးဘစိမ်းနဲ့ ဦးဘဟိန်း ဆိုပြီး ရှိပါတယ်။ ဦးဘသိန်းဆိုတာ 'ချစ်ညို'ကလောင်နဲ့ စာလည်း ရေးတယ်။ လူထုသတင်းစာမှာ

mgyoe.com

mgyoe.com SAMPLE BOOK

အယ်ဒီတာလည်း လုပ်ခဲ့ပါတယ်။ ဦးဘစိမ်းနဲ့ ဦးဘဟိန်းတို့က သူတို့ရဲ့ မိဘ ရိုးရာအလုပ်ဖြစ်တဲ့ ဆေးဆိုးပန်းရိုက်လုပ်ငန်း လုပ်ပါတယ်။ အခုအချိန်အထိ လည်း မန္တလေးမှာ ဆေးဆိုးပန်းရိုက်လုပ်ငန်းကို လုပ်ကိုင်နေကြပါတယ်။ သားအကြီးဆုံးက မွေးတဲ့ ကျွန်တော့်ကို အမေက ဘယ်မှာ မွေးသလဲဆိုတော့ မန္တလေးမြို့မှာ။ မန္တလေးက ကာတစ်တိုက် (curtis) လို့ အမည်ရတဲ့ ဆေးတိုက်မှာ မွေးပါတယ်။ သားဖွားခန်း ရှိပါတယ်။ သူ့ရဲ့ အထိမ်းအမှတ်က ခုခေတ်လို ဘာဆေး၊ ဘာဆေးသောက် ဆိုပြီး ဆရာဝန်က ညွှန်းတာမျိုး မဟုတ်ဘဲ ဆေးစပ်သမား (ကွန်ပေါင်ဒါ) ရှိတယ်။ အဲဒီဆေးစပ်တဲ့လူက ဆရာဝန် ပြောတဲ့ ဆေးညွှန်းအတိုင်း ဆေးလုံးတွေကို ဆေးထောင်းတဲ့ ဆုံမှာ ဆေးထောင်းပါတယ်။ ထောင်းပြီးတဲ့အခါ ကျလို့ရှိရင် ရေနဲ့ ဖျော်၊ mix လုပ်၊ ပုလင်းထဲကို ထည့်ပါ တယ်။ ပုလင်းမှာက အမှတ်အသား လုပ်ထားတယ်။ တစ်မှတ်ကို တစ်ခွက်ပေါ့ လေ။ အဲဒီဆေးထောင်းတဲ့ ဆုံကို အထိမ်းအမှတ်ပြုပြီး ဆေးထောင်းတဲ့ ဆုံပုံ ချိတ်ဆွဲထားပါတယ်။ အခုထိ ရှိသေးတယ်ဗျ။ ၂၈ လမ်းနဲ့ ၈၃ လမ်း ဆုံတဲ့ ထောင့်မှာ ရှိပါတယ်။ အဲဒီကာတစ်ဆိုတဲ့ ဆုံကို အကြောင်းပြုပြီးတော့ မန္တလေး မှာ ပြောစမှတ်တွင်လာတာ ရှိပါတယ်။ ဆုံ ဆိုတာက အပေါ်မှာ ကားတယ်၊ အလယ်မှာ စုတယ်၊ အောက်မှာ ကားတယ် မဟုတ်လား။ ဒါကြောင့် အမျိုးသမီး တွေကို ပြောရင် ဟာ… ကာတစ်ကတော့ ကွာ… ဆိုပြီး ဒီလိုတောင် ပြောစမှတ်တွင်ခဲ့ပါတယ်။ ကာတစ်ကတော့ ကောင်းတယ်၊ ဘာညာပေါ့ဗျာ၊ ဆုံကို ပြောတာပါ။ ကျွန်တော့်ကို အဲဒီမှာ မွေးတယ်။

ကျွန်တော်က မြေးဦးတော့ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အဖေရဲ့ညီ ဦးဘသိန်းက အရင်အိမ်ထောင်ကျတာပါ။ သူက မိန်းမ အိမ်မှာ လိုက်နေတာဆိုတော့ မြေးဦးက ကျွန်တော့်အဘိုး အဘွားဘက် ရောက် မလာဘဲ ဟိုဘက် အဘိုး အဘွားလက်ထဲ ရောက်နေတာပေါ့။ ဒီဘက်မှာ မြေးမရှိဘူး။ ကျွန်တော် မွေးလာတော့ မြေးဦးလို ဖြစ်ပြီး အဘိုးက တအားချစ်တဲ့ အတွက် တစ်ခါတည်း ခေါ်ထားပါတယ်။ အဘိုးက နွေလယ်နွေခင်း အိပ်လေ့ ရှိပြီး သူ အိပ်ရင်တောင် သူ့လက်မှာ ကြိုးလေးချည်ထားပြီး ကျွန်တော့်ပုခက်ကို လွှဲရင်း အိပ်ပါတယ်။ နို့တိုက်ချိန်ရောက်ရင် ကျွန်တော့်မိဘတွေက မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံနားက ဝင်းတစ်ခုထဲမှာ နေတယ်။ အဲဒီအိမ်ကို ပို့ပေးပါတယ်။ စက်ဘီးနဲ့ ခေါ်သွားတယ်။ နို့တိုက်ပြီးရင် ပြန်ခေါ်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် သိတတ်တဲ့ လေး ငါးနှစ်အရွယ်… နို့မစို့ရတော့တဲ့အရွယ်မှာ အဘိုးအိမ်မှာပဲ တောက်လျှောက်နေရတယ်။ ကျွန်တော့်အဖေနဲ့ ဦးလေးတစ်ယောက်က အိမ်ထောင်ကျပြီး ကျန်တဲ့ ဦးလေးနှစ်ယောက်က လူပျိုပဲ ရှိသေးတယ်။ ကျွန်တော် နေတဲ့အိမ်မှာ အဘိုးရယ်၊ အဘွားရယ်၊ ဦးလေးလူပျိုနှစ်ယောက်ရယ် ရှိပါတယ်။ သူတို့နဲ့ အတူနေတဲ့ တူအနေနဲ့ ဦးလေးတွေက ချစ်ပါတယ်။ ဦးလေးတစ်ယောက်က ရုပ်ရှင်အရမ်းဝါသနာပါတယ်။

သူက အဲဒီတုန်းက ရွှေဘတို့၊ တင်ညွန့်တို့ဆို သိပ်ကြိုက်တယ်။ ရုပ်ရှင်တွေက ဘယ်မှာ ပြသလဲဆိုတော့ ဆိုင်းတန်းရုပ်ရှင်ရုံလို့ ခေါ်တဲ့ ရုံမှာ ပြတာ များတယ်။ တောကြိုက်လိုဟာမျိုးပေါ့။

ဦးလေးက ရုပ်ရှင်သွားကြည့်ရင် စက်ဘီးလေးနဲ့ တင်ခေါ်သွားတာပဲ။ ကျွန်တော့်ဦးလေး ရုပ်ရှင်ဝါသနာပါတာက ဟိုတုန်းက မန္တလေးမှာ နယ်လိုပဲဆိုတော့ ရုပ်ရှင်ကားတွေ လှည့်ရင် handbill တွေ ဝေတယ်ဗျ။ အဲဒီ handbill တွေမှာ ရုပ်ရှင်ကားနဲ့ ပတ်သက်တဲ့ ဘယ်သူတွေ ပါတယ်၊ ဘာဇာတ်လမ်းဆိုတာတွေ ပါတယ်။ အဲဒါတွေ ဝေတော့ ဦးလေးက စုထားတာ။ သူ့ဗီရိုထဲမှာ သေသေချာချာ စုထားတာ။ ရုပ်ရှင်ကို အဲဒီမှာ ကျွန်တော် ဝါသနာ ပါလာတာပါ။ ကျွန်တော့်ညီအစ်ကိုဝမ်းကွဲ မောင်မောင့်ကိုလည်း ခေါ်တတ်တယ်။ သူ တစ်လှည့်၊ ကျွန်တော် တစ်လှည့် စက်ဘီးနဲ့ ခေါ်ခေါ်သွားတယ်။ တစ်ခါတလေလည်း နှစ်ယောက်စလုံး ကြည့်ရတယ်။

အဲဒီလိုကနေ ကျွန်တော် ကျောင်းတက်တဲ့အရွယ် ရောက်တော့ မန္တလေးမှာ သာသနာပြုကျောင်းဖြစ်တဲ့ ဟိုခေတ်က သီပေါမင်းတို့၊ ဘာတို့ ကျောင်းတက်ခဲ့တဲ့ ကျောင်း ဖြစ်ပြီး၊ မင်းတုန်းမင်းကြီး လှူဒါန်းထားတဲ့ ကျောင်းမှာ တက်ရပါတယ်။ သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်တဲ့ ဒေါက်တာမတ်ခ်ကို လှူဒါန်းထားတဲ့ ကျောင်းပါ။ သူက မင်းတုန်းမင်းကြီးရဲ့ သားတော်တွေကို စာသင်ပေးခဲ့တဲ့သူပါ။ (သံတဲ)သံတမန်တွေ တည်းဖို့အတွက် ဆောက်ပေးထားတဲ့ 'သံတဲ'နားမှာ ကျောင်းလုပ်ထားတာပါ။ အဲဒီထဲမှာ ထူးခြားတဲ့အချက်က သူတို့ ခရစ်ယာန် နှစ်ခြင်းခံမယ့်ခွက်၊ အဲဒီခွက်က ကျောက်စိမ်းနဲ့ လုပ်ထားတာ။ အသားကျောက်နဲ့ လုပ်ထားတာပါ။ ကျွန်တော် မန္တလေး ရောက်ခဲ့တုန်းက အဲဒီကျောင်းကို အခုပြန်ပြင်နေပြီဗျ။ ဘုရားရှိခိုးကျောင်းကို ပြင်နေတာ။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ပေါင်း တစ်ရာကျော်နေပြီကိုး။ အထဲမှာ အရင်က

mgyoe.com

mgyoe.com

ကျွန်းတိုင်ကြီးတွေဆိုတာ ကျွန်တော် မှတ်မိနေတယ်။ အခုတော့ သံကူကွန်ကရစ်တွေနဲ့ ပြင်နေပါပြီ။ ကျွန်တော်တို့ တက်ခဲ့တုန်းက ကျောင်းမှာ ဆင်ချည်တိုင်၊ မြင်းချည်တိုင်တွေတောင် ရှိပါသေးတယ်။ မင်းညီမင်းသားတွေ စီးလာတဲ့ ဆင်တွေ၊ မြင်းတွေ ချည်ဖို့ တိုင်တွေပေါ့။ သူက ဟိုးတုန်းကဆိုရင် မြို့ထဲကနေ အသုဘတွေ ဘာတွေ ထုတ်တဲ့ တံတားဆိုတာ ရှိပါတယ်။ စီလမ်း ၂၂ လမ်းလို့ ခေါ်နေပြီ။ အဲဒီလမ်းတည့်တည့် သွားရင် 'ရွှေတချောင်း' ရဲ့ဘေးမှာ တံတားတစ်ခု ရှိပါတယ်။ နာမည်ရင်းက ဘာလဲတော့ မမှတ်မိတော့ဘူး။ မန္တလေးမြို့ခံတွေကတော့ အသုဘတွေ ထုတ်တဲ့အတွက် 'မသာတံတား' လို့ ခေါ်တယ်။ အဲဒီတံတားကနေ ဖြတ်ပြီးတော့ ကျောင်းတက်ရပါတယ်။ အဲဒီမှာ ၁၀ တန်း အောင်တဲ့အထိ ကျွန်တော် ကျောင်းတက်ခဲ့ပါတယ်။

နောက် မန္တလေးတက္ကသိုလ်မှာ ၁၉၆၃ ဝန်းကျင်လောက်မှာ တက္ကသိုလ်တက်ရင်း ကျောင်းတွေ ပိတ်တယ်။ အရေးအခင်းတစ်ခု ဖြစ်တယ်။ ကျောင်းပြန်ဖွင့်တဲ့အခါ ပညာရေးစနစ်တွေ ပြောင်းသွားတယ်။ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေ ဖွင့်လာတယ်။ စီးပွားရေးတက္ကသိုလ်တို့၊ ပညာရေးတက္ကသိုလ်တို့... ခွဲပြီး ပေါ်လာတယ်။ ၁၉၆၄ မှာ ကျွန်တော် ရန်ကုန်ကို ရောက်လာပြီး စီးပွားရေးတက္ကသိုလ် တက်ဖြစ်ပါတယ်။ ဖြစ်ချင်တော့ ကျွန်တော့်မိဘတွေက ရန်ကုန်မှာ ရှိနေရာကနေ မန္တလေးကို 'ထရန်စဖာ' သွားရတယ်။ ကျွန်တော်က ရန်ကုန် ရောက်လာပြီး အဆောင်နေခဲ့ရပါတယ်။ တစ်နှစ် နေခဲ့ရပြီး နောက်နှစ်မှာ အဖေက ရန်ကုန်ကို ထရန်စဖာနဲ့ ပြန်ရွှေ့လာပါတယ်။ ၁၉၆၇ ခုနှစ်နိုဝင်ဘာလမှာ ကျွန်တော် 'ဝါဏိဇ္ဇဗေဒ'ဘွဲ့ရပါတယ်။ စီးပွားရေးတက္ကသိုလ်က ရခဲ့တာပါ။ အောင်စာရင်းမထွက်ခင်မှာ ဘဏ္ဍာရေးဝန်ကြီးဌာနကို ပို့ပေးတယ်။ ကျောင်းသား တစ်ရာ့အစိတ်လောက် ရှိလိမ့်မယ်။ Grading နဲ့ခွဲပြီး ဒီဂရီမြင့်တဲ့ သူတွေကို ပို့ပေးလိုက်တာပါ။ အောင်စာရင်း မထွက်ခင် အလုပ်သင်အရာရှိအဖြစ်နဲ့ လုပ်ရပါတယ်။ အောင်စာရင်း ထွက်တော့မှ ကျတဲ့သူတွေက ကျောင်းပြန်၊ အောင်တဲ့သူတွေက အလုပ်ဆက်လုပ်။ ရတဲ့ လခက ၁၂၅ ကျပ်ပါ။ အိုဗာတိုင်လည်း လုပ်ရပါတယ်။ အိုဗာတိုင်လုပ်တဲ့အတွက် ညနေအထိ လုပ်ရတဲ့နေ့ဆိုရင် လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ချပ် ကျွေးပါတယ်။ ရုံးနေရာက ဝန်ကြီးများရုံး အဆောက်အအုံထဲမှာ ရှိတာပါ။ အိုဗာတိုင်မှာ လက်ဖက်ရည်နဲ့ မုန့်မစားရင် ပြား ၇၀ ရပါတယ်။ တကယ်လို့ ည ၁၂ နာရီ၊ ၁ ချက်အထိ

mgyoe.com

mgyoe.com
SAMPLE BOOK


လုပ်ရတဲ့နေ့ဆိုရင် ၂ ကျပ် ရပါတယ်။ အဲဒီတုန်းက အဲဒီလစာနဲ့ လောက်တယ်။ ကျွန်တော် ရတဲ့ လစာကို အမေ့ကို အကုန်ပေးပြီးတော့ တစ်နေ့မှ တစ်ကျပ်ပဲ ကျွန်တော့်အသုံးစရိတ် ရှိတယ်။ ကျွန်တော် အလုပ်လာတဲ့အခါ ကျွန်တော်တို့ နေတဲ့ ပုဇွန်တောင်နဲ့ စိန့်ပေါလ်ကျောင်း ကားမှတ်တိုင်ဆိုရင် ကားခ ၅ ပြားပဲ ပေးရတာပါ။ ကျွန်တော် ယူလာတဲ့ တစ်ကျပ်နဲ့ နေ့လယ်မှာ ထမင်းမစားဘဲ လက်ဖက်ရည် သောက်မယ်၊ မုန့်စားမယ်၊ တခြားသူငယ်ချင်းတွေတောင် ကျွေးလို့ ရပါသေးတယ်။

အဲဒီလို နေလာရင်းနဲ့ ကျွန်တော် တခြားသင်တန်းတွေ တက်ဖြစ်တယ်။ R.A သင်တန်း တက်တယ်။ Registered Accountant လို့ ခေါ်တဲ့ စာရင်းကိုင်သင်တန်းပါ။ အဲဒါက လုပ်သားကောလိပ်မှာ မနက်ပိုင်း တက်ဖြစ်တဲ့ အပိုင်း။ အဲဒီ ဒီပလိုမာ ရတယ်။ နောက်တစ်ခုက R.L လို့ ခေါ်တဲ့ ရှေ့နေ သင်တန်းပါ။ အဲဒီမှာပဲ တက်ရပါတယ်။ ကျွန်တော် အောင်ခဲ့ပါတယ်။ နောက် Diploma In Management And Accounting သင်တန်းလည်း တက်ဖြစ် ခဲ့ပါတယ်။ နောက် နိုင်ငံခြားဘာသာ တက်ချင်တဲ့အတွက် IFL မှာ ညနေပိုင်း အချိန်ပိုင်း သွားတက်ပါသေးတယ်။ ပြင်သစ်ဘာသာ တက်ပါတယ်။ ၁၉၇၉ ခုနှစ်ပါ။ အဲဒီမှာ ကျွန်တော့်အဖေ အသည်းအသန် ဖြစ်ပြီးတော့ ရန်ကုန်အရှေ့ပိုင်း ဆေးရုံတင်ခဲ့ချိန် ကြုံရပါတယ်။ တင်တဲ့အချိန်မှာ ကျွန်တော် ကျောင်းပျက်သွား ပါတယ်။ ကျောင်းမှာ သင်တဲ့စနစ်က ရုပ်ပြထားပြီး အသံဖွင့်ပေးထားတာကို နားထောင်၊ ပြီးတော့ ပြန်ပြောရတဲ့ သင်ကြားမှုပါ။ လိုက်မရေးရဘူး။ လိုက် ရေးရင် ပရော်ဖက်ဆာက လက်ကို ခေါက်တယ်။ စာသင်သား လက်ထဲမှာ စာရွက် မပါရဘူး၊ ဘောပင် မပါရဘူး။ ကြည့်၊ နားထောင်၊ ဘာပြောတယ် အဓိပ္ပာယ်ပေါက်အောင် စဉ်းစား၊ အဲဒီအသံထွက်အတိုင်း လိုက်ပြောရတယ်။ အဲဒီနည်းနဲ့ သင်တာဆိုတော့ လေး ငါးရက်လောက် ကျောင်းပျက်သွားပြီဆိုရင် လိုက်လို့ မမီတော့ဘူး။ ကျွန်တော် အဲဒီသင်တန်း မပြီးခဲ့ဘူး။

ကျွန်တော် မန္တလေးမှာ အဘိုး၊ အဘွားတွေနဲ့ နေလာစဉ်ကတော့ နွေကျောင်းပိတ်ရက် ဆိုရင် မိဘတွေရှိတဲ့ ရန်ကုန်ကို လာပါတယ်။ ကျောင်း ပိတ်ရက်တွေ ရန်ကုန် ရောက်တဲ့အခါ ကျွန်တော့်အဖေက မဂ္ဂဇင်းမှာ အားကစား ဆောင်းပါးတွေ ရေးနေတော့ မဂ္ဂဇင်းစာအုပ်တွေ လက်ဆောင်ရပါတယ်။ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက် အဲဒါတွေ ရပါတယ်။ အမေက

mgyoe.com

mgyoe.com SAMPLE BOOK

စာဖတ်တာ အရမ်းဝါသနာပါတယ်ဗျ။ ညီတွေက ငယ်သေးတော့ စာမဖတ်ကြ သေးဘူး။ အိမ်မှာဆိုရင် အမေရယ်၊ အဖေရယ်က စာဖတ် ဝါသနာပါတယ်။ အမေက သူ ဖတ်ပြီးရင် စာအုပ်တွေ၊ မဂ္ဂဇင်းတွေ ထင်းရှူးသေတ္တာနဲ့ သေသေ ချာချာ သိမ်းထားပေးတယ်။ လစဉ် ရသမျှ မဂ္ဂဇင်းတွေ၊ တခြား လုံးချင်းတွေ ဆိုရင် စနစ်တကျ ဗီရိုနဲ့ ထည့်သိမ်းထားပါတယ်။ ကျွန်တော် ဒွေးရာသီ ကျောင်း ပိတ်တဲ့ ၂ လမှာ လာပြီဆိုရင် အဲဒါတွေ ဖတ်တော့တာပဲ။ ဒါက စာဖတ် ဝါသနာ အစပါ။

**စာတည်း** ။ ။ ဆရာတို့ မိသားစုထဲမှာ မန္တလေးမှာ မွေးတဲ့သူတွေနဲ့၊ ရန်ကုန်မှာ မွေးတဲ့သူတွေ ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ ကျွန်တော်တို့ မန္တလေးမှာ မွေးတာက ကျွန်တော်ရယ်၊ ဆန်နီညိမ်းရယ်၊ ရဲမြင့်ညိမ်းရယ်၊ မျိုးမြင့်ညိမ်းရယ်··· လေးယောက်ပါ။ ရန်ကုန်မှာ မွေးတာက ကျွန်တော့်ညီမ မာလာညိမ်း၊ စန္ဒာညိမ်း၊ ထွန်းမောင်ညိမ်း၊ ထွန်းအောင်ညိမ်း ဆိုပြီး လေးယောက်က ရန်ကုန်မှာ မွေးပါ တယ်။ မောင်နှမ ၈ ယောက်မှာ ကျွန်တော့်ညီမ စန္ဒာညိမ်းက ၁၉၇၆ ခုနှစ်၊ မေလ ၁၂ ရက်က မိသားစု လက်ခုပ်ကုန်းကို ပျော်ပွဲစားထွက်ကြရင်း ရေနစ် ပြီး ဆုံးသွားပါတယ်။ ကျွန်တော် စာဖတ်ဝါသနာပါလာပြီးတဲ့ နောက် ခုနစ်တန်း ကျောင်းသားဘဝမှာ ရန်ကုန် အလည်လာရင်း ၁၉၆၀ မှာ ကျွန်တော့်အဖေက 'Parade' ဆိုတဲ့ စာစောင် ဝယ်ဖတ်တယ်။ အဲဒီထဲမှာ ဝတ္ထုတွေလည်း ပါ တယ်။ ၂ ပုဒ်စီ ပါတယ်။ ကျွန်တော် အဲဒါတွေ ယူဖတ်ရင်း ဝတ္ထုရေးချင်လာ တယ်။ ဖေဖေကလည်း ရေးကြည့်ပါလားလို့ တိုက်တွန်းပါတယ်။ ကျွန်တော် ရေးကြည့်မိတယ်။ 'Adapt' လုပ်ပြီး ရေးကြည့်တာပါ။ အဖေက မပြင်ဘူး။ မပြင်ဘဲနဲ့ စုံထောက်မဂ္ဂဇင်းကိုင်တဲ့ ဆရာမိုးဝေဆီ ခေါ်သွားပါတယ်။ နေရာ ကတော့ ကမ်းနားလမ်းလို့ ထင်တယ်။ ကျွန်တော် မမှတ်မိဘူး၊ တိုက်အဟောင်း ကြီးတစ်ခုပဲ၊ အဖေက ခေါ်သွားပြီးတော့ 'ဒါ ကျွန်တော့်သား'ဆိုပြီး ဆရာမိုးဝေ ဆီ အပ်တယ်။ ဆရာမိုးဝေက ဖတ်ကြည့်ပြီး 'ကျွန်တော် နောက်လ သုံးပေး မယ်' ဆိုတော့ ဟာ··· ကျွန်တော် အရမ်းပျော်သွားတယ်။ ဒီလို မမျှော်လင့်ဘဲ လွယ်လွယ်ကူကူနဲ့၊ အဖေ့ ကျေးဇူးလည်း ပါတာပေါ့လေ၊ ဖော်ပြခံရမှာဆိုတော့

mgyoe.com

m g y o e . c o m

အရမ်းဝမ်းသာသွားတယ်။ ကျွန်တော်က ကလောင်နာမည်တွေ ဘာတွေ မပေးတတ်တော့ အဖေကဘဲ 'ဂျူနိယာဘညိမ်း' ဆိုပြီး ကလောင်နာမည် တပ်ပေးလိုက်တယ်။ အဲဒီဝတ္ထုလေးကို တစ်နေ့က ဆရာလေးကိုတင် ကူးလာပေးလို့ ပြန်ရခဲ့သေးတယ်။

**စာတည်း** ။ ။ ဆရာ ၁၉၇၉ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ ဆရာ့ဖေဖေ ဆုံးသွားခဲ့ပါတယ်။ ဆရာ့ဖေဖေ ကျားဘညိမ်း မကွယ်လွန်မီ ဖြစ်ရပ်လေးတွေနဲ့၊ ဆရာ့ဖေဖေအကြောင်း ဆရာ မှတ်မိသမျှ ပုံရိပ်လေးတွေ ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ ကျွန်တော့်အဖေက ၁၃ နှစ်သားကတည်းက လက်ဝှေ့စထိုးတာပါ။ ဖေဖေက ကျွန်တော် တက်ခဲ့တဲ့ သံတဲကျောင်းမှာပဲ ကျောင်းတက်ခဲ့ပါတယ်။ နောက်တော့ 'ဝယ်စလီယန်'ကျောင်းကို ပြောင်းပြီး တက်တယ်။ နောက်၊ အမျိုးသားကျောင်းကို ပြောင်းတယ်။ အမျိုးသားကျောင်း ဆိုတာက အမျိုးသားခေါင်းဆောင်ကြီး ဦးရာဇတ်ရဲ့ ကျောင်းပါ။ အဲဒီမှာ လူထုဒေါ်အမာတို့လည်း တက်တယ်။ ဒေါ်ပတ္တမြားခင်နဲ့ကျတော့ သံတဲကျောင်းမှာ အတူတက်ခဲ့တယ်။ အမျိုးသားကျောင်းမှာ တက်နေတုန်းက ဆရာကြီးဦးရာဇတ်က ယောက်ျားလေးတွေ လက်ဝှေ့၊ ကိုယ်ခံပညာသင်ရမယ်ဆိုပြီး နိုင်ငံခြားသား လက်ဝှေ့နည်းပြတစ်ယောက် ငှားပေးတယ်။ 'ဘီလ်ဖစ်ရှား'လို့ ခေါ်တယ်။ ငှားပြီးတော့ ယောက်ျားလေးတွေ အားလုံးကို ဘောက်ဆင် သင်ခိုင်းတယ်။

အဲဒီတုန်းက ဒေါ်အမာက ပြောတယ်။ သူ ရေးတောင် ရေးဖူးသေးတယ်။ သူက ဆရာကြီးဆီ သွားပြောတယ်။ ယောက်ျားလေးတွေကျတော့ ဘောက်ဆင် သင်ပေးတယ်။ နိုင်ငံခြားက လက်ဝှေ့နည်းပြတောင် ခေါ်ပြီး သင်ပေးတယ်။ သူတို့ကျတော့ ဘာမှ မလုပ်ပေးဘူးဆိုပြီး ဆရာကြီးဆီ သွားပြောတာဗျ။ ဆရာကြီးက ဆေးပြင်းလိပ်ကြီး ခဲပြီး အမြဲနေတတ်ပါတယ်။ ဒေါ်အမာက အဲဒါ သွားပြောတော့ ဆရာကြီးက 'ရတယ်၊ ငါ လုပ်ပေးမယ်' ဆိုပြီး သောက်ရေအိုးကို ရိုက်ခွဲလိုက်တယ်တဲ့။ ခွဲပြီးတော့ အစိတ်စိတ်အမြွာမြွာ ကွဲသွားတဲ့ အိုးခြမ်းတွေ ကောက်ပြီး 'ရော့... ရှပ်ဒိုးပစ်' ဆိုပြီး ပေးလိုက်တာ

m g y o e . c o m

mgyoe.com SAMPLE BOOK

တဲ့။ ရှပ်ဒိုးဆိုတာ အကွက်တွေ ဆွဲပြီး ကစားတာ။ ရန်ကုန်မှာတော့ ကုလားမ စည်းနင်း ကစားနည်းပေါ့။ အဲဒါ လုပ်ပေးလိုက်ပါတယ်။ ကစားကြလို့ ပြော တော့ ဒေါ်အမာတို့ တပ်ခေါက် ပြန်လာကြတယ်လို့ ပြောပြတယ်ဗျ။

အဖေက အဲဒီမှာ လက်ဝှေ့ထိုးသင်ခဲ့တယ်။ တစ်လျှောက်လုံး ထိုးခဲ့ တယ်။ စစ်ပြေးတဲ့ ကာလတုန်းက အဖေတို့ ဘုံးအိုး ဆိုတဲ့ ရွာလေးတစ်ရွာ ဘက်ကို ပြေးကြတယ်။ အခုဆိုရင် မန္တလေး ချမ်းမြသာစည်နားလို့ ပြောရမှာပဲ။ ဘုံးအိုးဆိုတာ ဘုံအိုး(ဖုံအိုး)ပါ။ အရင်ခေတ်က နန်းတော်ကို အိုးတွေလုပ်ပြီး ဆက်သကြတော့ ဖုံလို ပုံစံ အိုးတွေ ဆက်ရင်း ဖုံအိုးလို့ ခေါ်တာ။ နောက်တော့ ဖုံးအိုး(ဘုံးအိုးရွာ) ဖြစ်လာတာ နေမယ်။ အဲဒီရွာထဲကို အဖေတို့ စစ်ပြေးကြ တယ်။ ကျွန်တော့်အဘိုး အဘွားတွေရော၊ ဆွေမျိုးသားချင်းတွေရော ပါတာ ပေါ့ဗျာ။ နောက်··· အင်္ဂလိပ်တွေ ရောက်လာတဲ့အခါ ရွာထဲကို အင်္ဂလိပ်စစ်သား တစ်ယောက် ရောက်လာပြီး လက်ဝှေ့အိတ်တွေ ကိုင်ပြီး လက်ဝှေ့ထိုးတတ်တဲ့သူ လိုက်ရှာတာ။ လိုက်ရှာတော့ ရွာထဲက လူတွေက ပထမ မပြောကြဘူးဗျ။ နောက်တော့ တစ်ယောက်က ရှိတယ်၊ ရွာထဲမှာ လက်ဝှေ့ထိုးတတ်တဲ့သူ ရှိ တယ်၊ ဘယ်သူလဲ ပြ ဆိုတော့··· ဘညိမ်းပေါ့လေ။ သူက တွေ့တော့ 'ရော့ လက်ဝှေ့အိတ် ယူ၊ ထိုးရမယ်' ဆိုပြီး ထိုးခိုင်းရောဗျ။ ထိုးခိုင်းတော့··· ကျွန်တော့် အဖေလည်း ထိုးတာပေါ့။ ကျွန်တော့်အဖေ လက်ဝှေ့ထိုးတဲ့ပုံစံက မရပ်မနား တရစပ်ထိုးတဲ့ ပုံစံဗျ။ အဲဒါ ထိုးကြရင်းနဲ့ စစ်သားဟာ ဖုံးခိုကျင်းထဲ ကျသွားတယ်။

သူကပဲ ကွန်ဂရက်ကျူလေးရှင်း လုပ်ပြီး တံဆိပ်လေးတစ်ခု ပေးသွား တယ်။

မြန်မာပြည်မှာ လုပ်တဲ့ ချစ်ကြည်ရေးပွဲတွေမှာလည်း အမြဲအနိုင်ရခဲ့ ပါတယ်။ တစ်ခါတုန်းက အိန္ဒိယက လက်ဝှေ့ချစ်ကြည်ရေးအဖွဲ့ တစ်ဖွဲ့ လာပါ တယ်။ အဲဒီမှာ ပြိုင်ကြတော့ မြန်မာပြည် ကိုယ်စားပြုတဲ့ လက်ဝှေ့သမားအားလုံး ရှုံးပြီး ကျွန်တော့်အဖေ တစ်ယောက်ပဲ နိုင်ပါတယ်။ နိုင်တော့ မန္တလေး လူထု သတင်းစာက ဘယ်လို ရေးသလဲဆိုရင် 'ကျားကလေးကြောင့်သာ မြန်မာတွေ ခေါင်းဖော်နိုင်တော့သည်'လို့ ခေါင်းစဉ်တပ်ပြီး ရေးခဲ့ပါတယ်။

ကျွန်တော့်အဖေ မန္တလေးမှာ အသက်မွေးဝမ်းကျောင်းလုပ်တဲ့ အလုပ်က မည်မည်ရရ မရှိဘူး။ ကျားထိုးတာ တော်တော်ဝါသနာပါတယ်။ ပန်းချီဆွဲတာ လည်း ဆိုင်းဘုတ်တွေ ရေးတာ လက်ခံတယ်။ လာအပ်လို့ရှိရင် အမေ ပြောပြ

mgyoe.com

တာက 'မင်းအဖေက ဆိုင်းဘုတ် လာအပ်တဲ့အခါ စာရင်းရေးပြီး တစ်ခါတည်း တွက်ပြတာ၊ သံပြားဖိုးက ဘယ်လောက်… ဆေးဖိုးက ဘယ်လောက်… လက်ခက ဘယ်လောက် တစ်ခါတည်း ချတွက်ပြတာ။ တွက်ပြတော့ အပ်တဲ့သူက ဟာဗျာ လက်ခတော့ လျှော့လိုက်ပါဆိုရင် မင်းအဖေက လက်ခကို လျှော့ပြီး အရင်းအတိုင်း လုပ်ပေးလိုက်တာချည်းပဲ'။ အဲဒီတုန်းက အဖေတို့နဲ့အတူ ရွှေဘို က လာနေတဲ့ ကျွန်တော့်အဖေရဲ့ first cousin တစ်ယောက် ရှိတယ်ဗျ။ နောင်မှာ 'မောင်သော်က' ဆိုတဲ့ စာရေးဆရာ ဖြစ်လာတဲ့ ဗိုလ်မှူးဘသော်ပါ။ သူက အတူလာနေရင်း အဖေ ပန်းချီဆိုင်းဘုတ်တွေ အဆင်သင့် ဆွဲနိုင်အောင်လို့ အမေနဲ့ ဦးသော်က,က သံပြားမှာ အောက်ခံ သဘော်ဆေးတွေ သုတ်ထားပေး တယ်။ အဲဒီသဘော်ဆေးမှာ အနံ့တစ်မျိုး ပါတယ်ဗျ။ အဲဒီအနံ့ကြောင့် ဖြုတ်ကောင်လေးတွေ လာလာနားတယ်။ လာနားတော့ သဘော်ဆေးနဲ့ ကပ်ပြီး ခွာလို့ မရဘဲ သေကုန်တယ်။ အဖေက သူ ရေးတော့မယ်ဆိုရင် အဲဒီ ဖြုတ်ကောင် အသေတွေ တွေ့ရင် မရေးတော့ပြန်ဘူး။ စုတ်တံကို လွှင့်ပစ်ရော။ အဲဒီတော့ အောက်ခံဆေးတွေ ပြန်သုတ်ပေးရတယ်။

ကျွန်တော် ငယ်ငယ်ကနေ အသက် သုံးဆယ်လောက်အထိ မန္တလေးမှာ သူ ရေးခဲ့တဲ့ ဆိုင်းဘုတ်တွေ တွေ့ရသေးတယ်။ သူ လက်ဝှေ့ထိုးနိုင်ဖို့ တကယ် ပံ့ပိုးပေးတာက မန္တလေးမှာရှိတဲ့ ဝင်းလိုက်ရုပ်ရှင်ရုံနဲ့ မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံ ပိုင်တဲ့၊ ရန်ကုန်မှာ ဂလုပ်ရုပ်ရှင်ရုံ ပိုင်တဲ့ ဦးကျော်ဝင်း၊ ဦးကျော်မင်း ဆိုတဲ့ အမြွှာညီအစ်ကိုနှစ်ယောက်က ပံ့ပိုးပေးတယ်။ သူတို့ အစ်ကိုတစ်ယောက်လည်း ရှိသေးတယ်ဗျာ။ သူတို့ ညီအစ်ကိုနှစ်ယောက်က ဘယ်လို ပံ့ပိုးပေးသလဲဆိုတော့ ဒီခေတ်မှာ အားကစားသမားတွေကို ဌာနဆိုင်ရာတွေက ပံ့ပိုးပေးသလိုမျိုးပေါ့။ သူတို့က ရုပ်ရှင်ရုံတွေ ပိုင်တဲ့အတွက် အလုပ်ပေးနိုင်တယ်လေ။ အဖေ့ကို ရုပ်ရှင်ရုံစောင့်အဖြစ် ခန့်ပြီး တစ်နေ့ကို ၃ ကျပ် ပေးပါတယ်။ အဲဒီခေတ်က ၃ ကျပ်ဆိုတာ မနည်းဘူး။ ၃ ကျပ် ပေးထားပြီးတော့ အဖေတို့က မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံနားမှာ နေတော့ မနက်ဆိုရင် သူတို့ ညီအစ်ကို နှစ်ယောက်က လာနှိုး တယ်။ ပြီးတော့ ကျုံးပတ်လည် ပြေးတယ်။ ထရိန်နင်ပေါ့။ သူတို့လည်း လိုက်ပြေးတယ်။ အဲဒီညီအစ်ကိုနှစ်ယောက်က ဦးကျော်မင်းဆိုရင် ရန်ကုန်မှာ ဆုံးတယ်။ ဦးကျော်မင်းက အခု ယုဇနလက်ဖက်လုပ်ငန်းရှင်ရဲ့ အဖေပေါ့။ ဦးကျော်ဝင်းက မန္တလေးမှာပဲ ဆုံးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အမေက အဲဒီတုန်းက စက်ပန်းထိုးပါတယ်။ စက်ပန်းထိုးတဲ့အခါ တပည့်တွေနဲ့ ခေါ်ပြီး ထိုးပါတယ်။ အဲဒီတုန်းက အမျိုးသမီးဝတ် ဘော်လီတွေမှာ ကျောဘက်တွေက ပန်းတွေထိုးလေ့ရှိတယ်ဗျ။ အမေက ပန်းတွေ၊ ဒေါင်းရုပ်တွေ ကောက်ကြောင်းရေး၊ အဲဒါကို စက်နဲ့ပေါက်ပြီး ပုံဖော်ကြတာပေါ့။ အမေက အဲဒီနည်းနဲ့ မိသားစုအတွက် ဖြည့်ဆည်းပေးပါတယ်။ နောက်တစ်ခါ ဦးကျော်ဝင်းနဲ့ ဦးကျော်မင်းတို့က အာရဘီသိပ္ပံကျောင်း၊ နောက်တော့ အမှတ် (၃) ကျောင်း လို့ ခေါ်တဲ့ ကျောင်းမှာ လက်ဝှေ့ကလပ် ဖွင့်ပေးတယ်ဗျ။ 'ရွှေကျား' လက်ဝှေ့ ကလပ် ဆိုပြီး ဖွင့်ပေးတယ်။ အဖေက အဲဒီကလပ်မှာ လက်ဝှေ့ ဝါသနာပါတဲ့ ကလေးတွေကို စုပြီးတော့ အခမဲ့ လက်ဝှေ့သင်ပေးပါတယ်။ အဲဒီကလပ်ကနေ လက်ဝှေ့ကျော်တွေ အများကြီး ပေါ်ခဲ့ပါတယ်။ ရဲတင့်တို့၊ တိုကျိုအိုလံပစ်မှာ ဝင်ပြိုင်ခဲ့တဲ့ ရဲချစ်တို့၊ ကျော်မြင့်၊ ရွှေကျေးတို့၊ ငွေးမောင်တို့၊ စိန်အောင်မင်း စသည်ဖြင့် အများကြီး ပေါ်ခဲ့ပါတယ်။

နောက် ရန်ကုန်မှာ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီမှာ တာဝန်ယူခဲ့တုန်းက အောင်ဆန်းကွင်း ပွဲကြည့်စင်အောက်မှာ အခန်းပေးတယ်။ အဖေက အဲဒီမှာ မနေဘဲနဲ့ ၁၁၀ လမ်းမှာ မိသားစုနဲ့နေပြီး အဲဒီအခန်းကို 'ဒဂုံကျား' လက်ဝှေ့ကလပ်အဖြစ် ဖွင့်ပါတယ်။ အဲဒီမှာ တစ်ခါ အာရှလက်ဝှေ့ ချန်ပီယံ ရခဲ့တဲ့ တင်ထွန်း၊ ဝင်းမောင်၊ လှရွှေ စသဖြင့် လက်ဝှေ့သမား အများကြီး ထွက်လာခဲ့ပါတယ်။

သူကိုယ်တိုင်ကတော့ ၁၉၅၉ ခုနှစ်မှာ အိန္ဒိယက လာတဲ့ 'အာလူး စစ်ကွဲရား' ဆိုတဲ့ လက်ဝှေ့သမားနဲ့ အောင်ဆန်းကွင်းမှာ ပြိုင်ခဲ့တာ နောက်ဆုံး အနိုင်ရတဲ့ ပွဲပါပဲ။ ဒါ နောက်ဆုံး ထိုးခဲ့တဲ့ ပွဲပါပဲ။ အသက် ၃၆ နှစ် ရှိနေ ပါပြီ။ အဖေက တစ်ဖက်က ဘောက်ဆင်အလုပ် လုပ်နေသလို၊ တစ်ဖက်ကလည်း ရိုးရာလက်ဝှေ့သမားတွေ သွားခေါ်ပြီး ရန်ကုန်မှာ ပွဲကျင်းပပေးပါတယ်။ အဲဒီတုန်းက ရန်ကုန်မှာ တစ်နှစ်ကို အစိုးရရုံးပိတ်ရက်ကြီး ၄ ရက် ရှိတယ်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ ပြီးတော့ အလုပ်သမားနေ့ ဆိုတာ ရှိတယ်။ အဲဒီနေ့တွေမှာ စင်ထိုးပြီး လက်ဝှေ့ပွဲ လုပ် ပေးတယ်။ အဲဒီတုန်းက ကျိုက္ကဆံကွင်းမှာ ပျော်ပွဲရွှင်ပွဲတွေ လုပ်တယ်။ ဂီတ ပဒေသာပွဲ၊ ပြဇာတ်၊ ပြီးတော့… ရိုးရာလက်ဝှေ့ပွဲတွေ ရှိတယ်။ ပြီးတော့ အခမဲ့ ဘောလီဘောပြိုင်ပွဲတို့၊ ဘက်စကက်ဘောပြိုင်ပွဲတို့လည်း ရှိတယ်။ အဲဒီမှာ

mgyoe.com

mgyoe.com

လက်ဖွေ့ပွဲတွေက ရတဲ့ ဝင်ငွေနဲ့ပဲ အခမဲ့ပွဲတွေအတွက် ကော်မတီက ဝင်ငွေကို သုံးစွဲပေးတယ်။ အဲဒါတွေ လုပ်ခဲ့ပါတယ်။

ကျွန်တော် မှတ်မိသလောက် အဖေက မန်းရာပြည့်မတိုင်မီမှာကတည်းက မလွန်ကွင်းမှာ ဖြစ်မယ် ထင်တယ်။ လက်ဖွေ့ပွဲကို စင်မဆောက်ဘဲ မြေစိုက် ကြိုးဝိုင်းနဲ့ ရိုးရာ Traditional ပုံစံမျိုး ကျင်းပပေးတာ ကျွန်တော် မှတ်မိနေ တယ်။ အောက်မှာ ဖွဲ့တွေ ခင်းပြီး လုပ်ခဲ့တာ။ မန်းရာပြည့်ပွဲမှာလည်း လက်ဖွေ့ အကြီးအကျယ် လုပ်ခဲ့တယ်။ အဖေက သားအငယ်ဆုံး မွေးတာနဲ့ တိုက်ဆိုင်လို့ ရာပြည့်လို့ ပေးထားပါတယ်။ အခုတော့ အဲဒီသားတောင် ငါးဆယ် ကျော်နေပြီ။ အဲဒီလိုတွေ လုပ်ခဲ့ပါတယ်။

ရိုးရာလက်ဖွေ့ပွဲတွေ လုပ်တော့ အဖေတို့ကို အဓိက အားပေးခဲ့တဲ့ သူက တော်လှန်ရေးကောင်စီ လက်ထက်တုန်းက ဗိုလ်မှူးချုပ်တင်ဖေ ဆိုတဲ့ ကုန်သွယ်ရေးဝန်ကြီး တာဝန်ယူခဲ့သူပါ။ သူ အားပေးတာက တကယ့်ကို အားပေးတာဗျ။ လာလည်း ကြည့်တယ်။ ညတိုင်း လာကြည့်ပါတယ်။ လက်ဖွေ့ပွဲ ပြီးသွားပြီ ဆိုတဲ့အခါ လက်ဖွေ့သမားတွေကို 'ဒင်နာ'ပေးတယ်။ သူ 'ဒင်နာ' ပေးတယ်ဆိုတာ ပုံပြီး ထည့်ကျွေးတာမျိုး မဟုတ်ဘူးဗျ။ တကယ့်ကို 'ဒင်နာ' အဖြစ်နဲ့ စနစ်တကျ ကျွေးတာ။ ပြီးရင် ပွဲတွေ၊ အငြိမ့်တွေနဲ့ ဖျော်ဖြေပေးတယ်။ လက်ဖွေ့သမားတွေဟာ မြို့နဲ့ ဘယ်လောက်ထိ ကင်းကွာသလဲဆိုရင် ခြင်ထောင်နဲ့ အိပ်ရမယ်၊ ဒီမှာက ခြင်ကိုက်တယ် ဆိုပြီး ဗိုလ်ချုပ်က ခြင်ထောင်တွေ ထုတ်ပေးတယ်။ အားလုံး အသစ်တွေချည်းပဲ။ တပ်ကနေ ထုတ်ပေးတဲ့ ခြင်ထောင်၊ စောင်၊ Ground Sheet အဲဒါတွေ ထုတ်ပေးတယ်။ ပြီးရင်တော့ အရေ အတွက်နဲ့ တပ်ကို ပြန်အပ်ရပါတယ်။ ပထမတော့ သူတို့က ခြင်ထောင်နဲ့ အိပ်လေ့အိပ်ထ မရှိတဲ့အတွက် မွန်းတယ်ဆိုပြီးတော့ အပေါက်တွေ ဖောက် တယ်၊ မျက်နှာကို အပြင်ထုတ်ပြီး အိပ်ကြတယ်ဗျ။ နောက်ပိုင်းကျတော့ နည်းနည်းလူရည်လည်လာပြီး ခြင်ထောင်အဟောင်းနဲ့ လဲယူသွားတာတို့၊ ဘာတို့ ဖြစ်လာတော့တာပဲ။

၁၉၇၉ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ ကျွန်တော့်အဖေ ဆုံးပါတယ်။ အဖေ မဆုံးခင်မှာ မတ်လလောက်က မန္တလေးက ရဟန်းပျိုအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ ဆရာတော် ပျံလွန်တော်မူသွားတယ်ဗျ။ ဥက္ကဋ္ဌ နေရာကို ဆက်ခံတဲ့ ဆရာတော် ဦးကုသလက ဆေးရုံမှာ လာတွေ့တယ်။ ဘုန်းကြီးပျံမှာ လက်ဖွေ့ပွဲ သွင်းမလို့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အဖေကလည်း တော်တော်လုပ်ပေးချင်တယ်။ ထောင်ဆု ပေးမယ်ပေါ့။ ၁၉၇၉ ခုနှစ်က တစ်ထောင်ဆိုတာ အရမ်းတန်ဖိုးရှိတာကိုးဗျ။ အဖေက ဘယ်လို စာချိုးသွားသလဲဆိုတော့ 'မန်းတောင်ရိပ်မှာ၊ ဖြောင်းဆန်အောင် နှိပ်မယ်၊ တစ်ထောင်တန် ဒေါင်းအလံနဲ့ ဟိတ်' ဆိုပြီး စာချိုးသွားသေးတယ်။ အဖေက တော်တော်စိတ်စွဲနေတော့ ကျွန်တော်က ဖျောင်းဖျတယ်။ 'ပါပါ… အဲဒါကို စိတ်မပူပါနဲ့၊ ပါပါ မသွားနိုင်ရင် ကျွန်တော် သွားလုပ်ပေးပါ့မယ်' ဆိုပြီး ဖျောင်းဖျ ပါတယ်။ ဖေဖေ ဆုံးပြီး နိုဝင်ဘာလမှ အဲဒီပွဲလုပ်တော့ ကျွန်တော် သွားလုပ်ပေး ဖြစ်ပါတယ်။ ပွဲလုပ်တာကိုတော့ ကျွန်တော် ဆယ့်ခြောက်နှစ်သားလောက် ကတည်းက ကန်တော်ကြီး တင့်ကားတွေ ထားတဲ့နားမှာ ပျော်ပွဲရှင်ပွဲတွေ လုပ်တော့ အဲဒီမှာလည်း လက်ဖွဲ့ပွဲ ပါတယ်။ အဲဒီကတည်းက အဖေ့ကို ကူလုပ်ပေးခဲ့တာဆိုတော့ ပွဲလုပ်တဲ့ အတွေ့အကြုံ ရှိနေပြီးသား ဖြစ်နေပါပြီ။

**စာတည်း** ။ ။ ဆရာ့မေမေက ၂၀၀၄ ခုနှစ်မှာ ဆုံးသွားခဲ့ပါတယ်။ အသက် ၈၁ နှစ်မှာ ဆုံးသွားခဲ့တာလို့ သိရပါတယ်။ ဆရာ့မေမေ မဆုံးခင်က ဖြစ်ရပ်လေးတွေနဲ့ ဆရာ့မေမေအကြောင်း ဆရာ မှတ်မိသမျှ ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ ကျွန်တော့်မေမေဟာ ဖေဖေ့ကို အင်မတန်မှ ချစ်တယ်။ သည်းခံတယ်။ ဖေဖေက ပြောရရင် မိန်းမပွေတယ်ဗျ။ အဖေ့ လက်သုံးစကားက 'ငါက ငါ့ဟာငါ နေတာ၊ မိန်းမတွေက ငါ့ လိုက် ကြိုက်တာကိုး' ဆိုပြီး ပြောလေ့ရှိတယ်ဗျ။ အမေက ဘယ်လောက်အထိ သည်းခံ သလဲဆိုရင် အဖေ နောက်မိန်းမ ယူလာပြီး အိမ်မှာ လာနေတဲ့အခါ အမေက အတူနေပေးတယ်။ အဖေတို့ အိပ်တဲ့နေရာအထိ လာပြီး ချက်ပြီး ပြုတ်ပြီးသား ကို ဗန်းနဲ့ ပို့ပေးတယ်။ အဲဒီမိန်းမ ချိုးဖို့ ရေကအစ တွင်းကနေ ခပ်ပြီး ရေစည် ထဲကို ထည့်ပေးတယ်။ အဖေက သူ ဆယ့်နှစ်ကောင်ကျား ထိုးနေရမယ်ဆိုရင် ပြီးပြီ။ အဖေ ရတဲ့ငွေနဲ့ မလောက်တဲ့အခါ အမေက သူ့ဘာသာ အလုပ်လုပ် တယ်။ ကျွန်တော့်အမေက အများကြီး အလုပ် လုပ်ကျွေးခဲ့တယ်။ မ-ဆ-လ ခေတ်မှာ ကားပစ္စည်းတွေ ရှားတဲ့အတွက် ယိုးဒယားဘက်က ဝင်တာတွေကို မော်လမြိုင်ဘက်မှာ အမေက မှောင်ခိုသွားသယ်တယ်။ မန္တလေးမှာ သွင်းတယ်။

mgyoe.com

mgyoe.com

အဲဒီတုန်းက မှောင်ခိုပစ္စည်း မိရင် ထောင်ချတယ်။ နောက် ဆားတွေ အရမ်းရှားတဲ့ အချိန် တစ်ချိန် ပေါ်ဖူးသေးတယ်။ ဆားက ရှားတာမှ တစ်ပိဿာကို ပြားနှစ်ဆယ်ကနေ တစ်ကျပ်လောက်အထိ ဖြစ်အောင် ရှားသေးတယ်။ ဆားက ဘယ်မှာပေါသလဲဆိုရင် အောက်ဘက်ဖြစ်တဲ့ မွန်ပြည်နယ် ပင်တို့၊ ဘာတို့ဘက်မှာ ထွက်ပါတယ်။ နေလှန်းဆားတို့၊ ချက်ဆားတို့ အဲဒီမှာ သွားဝယ်။ ရထားနဲ့တင်၊ မန္တလေးကို ပို့တယ်။ နောက်ပြီးတော့ ရန်ကုန်မှာ ဆားလုပ်ငန်း ပိုင်ရှင် ဦးဝင်းလို့ ခေါ်တဲ့လူ ရှိတယ်ဗျ။ သူက ဘယ်မှာ နေသလဲဆိုတော့ အခု ဗဟိုစည်အိမ်ရာလို့ ခေါ်တဲ့ နေရာမှာ နေပါတယ်။ သူက ဆားလုပ်ငန်းရုံးမှာ ထိုင်ပြီးတော့ ဆားပါမစ်တွေ ကောက်တယ်။ ဦးဝင်းက ဆားပါမစ်တွေ ကောက်ပြီးတော့ ကျွန်တော်တို့အမေက သူ့ဆီက ပြန်ဝယ်။ ပြီးတော့ ဆားသွားထုတ်ပြီး ရထားနဲ့ မန္တလေးကို တင်တယ်။ မန္တလေးမှာ ငံပြာရည်လုပ်တဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်။ သူ့ဆီကို ရောင်းတယ်။ ဒီမှာ ၃၅ ပြားလောက် ကောက်ရင် မန္တလေးမှာ ပြား ၅၀ လောက် ရတယ်။ အဲဒီ ၁၅ ပြားလောက် မြတ်တာက အမေ ပြန်လာတဲ့အခါ စုလိုက်ရင် သောင်းဂဏန်းလောက် ရပါတယ်။ အမေဟာ အဲဒီကာလတွေတုန်းက အိမ်မှာ နေရတာ နည်းပါတယ်။ တစ်လမှာ ဆယ်ရက်လောက်ပဲ နေဖြစ်ပါတယ်။ အမေ သွားတိုင်း မျိုးမြင့် လိုက်ရင်လိုက်၊ ကျွန်တော့်ညီ တစ်ယောက်ယောက် လိုက်ရပါတယ်။ အမေက အဲဒီနည်းတွေနဲ့ လုပ်ကျွေးခဲ့တယ်။ ကားပစ္စည်း မှောင်ခိုသယ်ရင်း လုပ်ကျွေးခဲ့တယ်။ အမေက အဲဒီနည်းနဲ့ သားသမီး ရှစ်ယောက်ကို ပညာသင်ပေးခဲ့တယ်။ မချို့မတဲ့ရအောင် ရှာဖွေလုပ်ကိုင်ကျွေးခဲ့ပါတယ်။ အဖေ့ ကျေးဇူး မပါဘူးလား ဆိုတော့ ပါပါတယ်။ ဘာကြောင့်လဲဆိုတော့ အမေ့လက်ထဲမှာ မှောင်ခိုဖမ်းဆီးရေးတွေက သိချင်လည်း သိမယ်၊ မသိချင်လည်း မသိဘူး။ လာရှာရင်လည်း အမေက ပါတိတ်ထဘီတွေ အပေါ်က တင်ထားပြီး ပြလိုက်တာမို့ ဒီလိုပဲ ပြီးသွားတာတွေ ရှိပါတယ်။ အဖေ့မျက်နှာလည်း ပါပါတယ်။

အမေက ကျွန်တော့်ကို ဘွဲ့ရတဲ့အထိ ကျောင်းထားပေးတယ်။ ၁၉၆၇ မှာ ကျွန်တော် အလုပ်ရတော့ အမေ့ကို ထောက်ပံ့နိုင်ခဲ့ပါတယ်။ အမေ ဆုံးတော့ ၂၀၀၄ ခုနှစ်မှာ။ ကျွန်တော် လက်ထောက်ညွှန်မှူးကနေ အငြိမ်းစားယူပြီး စာအုပ်လုပ်ငန်း လုပ်နေပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

**စာတည်း** ။ ။ ဆရာ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှာ လက်ထောက်ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်ရင်း နိုင်ငံခြားကို ပညာတော်သင် သွားခဲ့ရတယ်လို့ သိရပါတယ်။ အဲဒီအကြောင်းလေး ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ ကျွန်တော်က ၁၉၆၇ မှာ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှာ အလုပ်ဝင်တယ်။ အလုပ်ဝင်နေရင်းနဲ့ တစ်ဖက်မှာ စာပေစိစစ်ရေးရုံးက ဦးမြလှိုင် ဆိုတဲ့ ဖေဖေ့မိတ်ဆွေတစ်ယောက် ရှိတယ်။

ရှိတော့ ဒီနေရာမှာ ကြားဖြတ် ပြောရရင် ကျွန်တော် မိုးဝေမှာ ရေးပြီးတဲ့နောက်ပိုင်း ဝတ္ထုရေးတာ အဆက်ပြတ်သွားတယ်။ လေး ငါး ခြောက်ပုဒ်ပါပြီး အဆက်ပြတ်သွားပါတယ်။ ပထမဆုံးဝတ္ထုကိုတော့ ခေါင်းစဉ် မှတ်မိတယ်။ 'တုံ့လှည့်ဝင့်ကြွေးဆိုတာ' ဆိုတဲ့ ဝတ္ထု။ နောက်ဟာတွေတော့ ကောင်းကောင်းမမှတ်မိတော့ဘူး။ အဲဒီမှာ အဘိုးက စာရေးတာကို မကြိုက်ဘူး။ ကျွန်တော် ခုနစ်တန်း အောင်ပြီး ရှစ်တန်း ဖြစ်လာပြီဆိုတော့ ပညာရေးထိခိုက်မှာစိုးလို့ပါ။ မကြိုက်တော့ ကျွန်တော် စာရေးတာ အဆက်ပြတ်သွားပါတယ်။ ကျောင်းပိတ်ရက် ရန်ကုန်လာတဲ့အခါကျမှ အဖေ့ဆီက စာအုပ်တွေဖတ်ရင်း နိုင်ငံခြားရုပ်ရှင်တွေ ပါတဲ့ မဂ္ဂဇင်းတွေ ဖတ်မိပါတယ်။ ဖတ်မိတော့ ရေးချင်စိတ် ပေါက်လာပြီး ပြန်ရေးဖြစ်ပါတယ်။ အဖေက ကျွန်တော် ရေးပြီးတော့ ဘယ်ခေါ်သွားသလဲဆိုရင် တာမွေဘက်က ဦးဖိုးဟန် ပုံနှိပ်စက်ဆိုတာ ရှိတယ်။ အဲဒီပုံနှိပ်စက်မှာ ဆရာရန်ကုန်ဘဆွေက ရုပ်ရှင်ချစ်သူ ဆိုတဲ့ ရုပ်ရှင်မဂ္ဂဇင်းတစ်စောင် ထုတ်တယ်။ ကျွန်တော့်ကို အဲဒီကို ပို့ပေးတဲ့အခါ ဆရာရန်ကုန်ဘဆွေက သုံးပေးပါတယ်။

အန်ကယ်ဦးမြလှိုင်က စာပေစိစစ်ရေးမှာ ရှိတယ်။ ကျွန်တော့်အဖေနဲ့ ခင်တယ်။ အန်ကယ်ဦးမြလှိုင်ကို ကျွန်တော့်အမေက ပြောတယ်။ ကျွန်မသားလေးက စာရေးတာ ဝါသနာပါတယ်။ အဲဒါ ဆရာ ထည့်လို့ရရင် ထည့်ပေးပါဆိုတော့ အန်ကယ်ဦးမြလှိုင်က ရယ်ပါတယ်။ ကျွန်တော်က အမေ့ကို အဲဒီလို ဘာလို့ ပြောရတာလဲ၊ အားနာစရာကြီးလို့ ပြောတော့ အမေက ဘာအားနာစရာရှိလဲ၊ သူ လုပ်နိုင်ရင် လုပ်ပေးမှာပေါ့၊ အရည်အချင်းကြည့်ပြီး လုပ်လို့ရရင် လုပ်ပေးမှာပေါ့တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ၁၉၇၈ ခုနှစ်လောက်ကျတော့ ကိုစိုးမြင့်အောင်(ပျော်ဘွယ် စိုးမြင့်အောင်) မဂ္ဂဇင်းတစ်စောင် လုပ်ပါတယ်။ ရုပ်ရှင်အောင်လံမဂ္ဂဇင်းပါ။ ကျွန်တော်က အဲဒီတုန်းက ဘယ်မှာ ရေးနေလဲဆိုတော့ ချင်းတွင်းစာပေတိုက်က ထုတ်တဲ့ ရုပ်ရှင်ဂျာနယ်မှာ ရေးနေပါတယ်။ အယ်ဒီတာက လင်းယုန်မောင်မောင် ပါ။ အဲဒီလိုပဲ၊ ကျွန်တော့်အဖေက 'Stars and Stripes' ဆိုတဲ့ နိုင်ငံခြား ဂျာနယ်တွေ ဝယ်ပြီး ရေးနေတယ်။ ဘယ်မှာ ဝယ်လဲဆိုတော့ မောင်ထော်လေး လမ်းမှာ ရှိတဲ့ သီဂီမော်စာအုပ်တိုက်က ဝယ်တာပါ။ သူက သူ လိုချင်တာ ဖြတ်ပြီးလို့ ရှိရင် ဂျာနယ်ကို ဆရာလင်းယုန်မောင်မောင်ကို ပေးလိုက်တယ်။ အဲဒီထဲမှာ ရုပ်ရှင်အကြောင်းတွေ ပါတယ်။ သူ လုပ်နေတာလည်း ရုပ်ရှင် ဂျာနယ် ဖြစ်တော့ ဆရာလင်းယုန်မောင်မောင်တို့အတွက် အဆင်ပြေတာပေါ့။ ကျွန်တော်က အဲဒီလို ပေးတာ နှမြောနေတယ်။ ကျွန်တော် ရေးလို့ရတဲ့ ရုပ်ရှင်အကြောင်းတွေ ဖြစ်ရက်သားနဲ့ သူများကို ပေးနေတော့ နှမြောတာပေါ့။ ပါပါ ဘာဖြစ်လို့ ပေးပစ်တာလဲ ဆိုတော့ မင်း ရေးမှ မရေးဘဲနဲ့ ပေးလိုက်တာ ပေါ့တဲ့။ ဟာ… အဲဒါဆို ရေးမယ်ဆိုပြီး မခံချင်စိတ်နဲ့၊ တကယ်တော့ နှမြောတာပါ။ ကိုယ် ရေးနိုင်ရက်သားနဲ့ ကိုယ့်လက်ထဲကနေ လွတ်ပြီး သူများဆီ ရောက်ရတယ်ဆိုပြီး ရေးဖြစ်ပါတယ်။ ရေးဖြစ်တော့ ချင်းတွင်းစာပေတိုက်က ဆရာလင်းယုန်မောင်မောင်တို့ကလည်း သုံးပေးပါတယ်။ အဲဒီတုန်းက တစ်ပုဒ် ကို အစိတ် (၂၅ ကျပ်) ရတယ်။ တစ်ခါတလေကျရင် တစ်ပတ်တည်းနဲ့ ၂ ပုဒ်၊ ၃ ပုဒ်လောက် ပါလာတယ်။

ကျွန်တော် အဲဒီမှာ ရေးဖြစ်နေတုန်း ကိုစိုးမြင့်အောင်တို့က စာမူ လာတောင်းတယ်။ စာမူ လာတောင်းတော့ ကျွန်တော် ရေးဖြစ်သွားတယ်။ နောက်ကျတော့ ၁၉၇၉ ဇူလိုင် ၈ ရက်နေ့မှာ ကျွန်တော့်အဖေ ဆုံးသွားတယ်။ ၁၉၈၁ မှာ အန်ကယ်ဦးမြလှိုင်က သူ လုပ်ခဲ့တဲ့ ပေဖူးလွှာမဂ္ဂဇင်းကို ပြန်ရတယ်။ ပြန်ထုတ်တဲ့အခါကျတော့ ကျွန်တော့်ကို ပေဖူးလွှာမှာ ရေးပါတဲ့။ ကျွန်တော် ပေဖူးလွှာမှာ ရေးဖြစ်လာပါတယ်။ ကျွန်တော် ရေးနေတာတွေက ရုပ်ရှင်အောင်လံ မှာ မင်းသား၊ မင်းသမီးအကြောင်းတွေ ရေးတယ်။ အဆိုတော်တွေကို အင်တာဗျူး လုပ်တယ်။ ဆိုတော့ စတီရီယို အင်တာဗျူးကို ပေဖူးလွှာမှာ ရေးဖို့ စိတ်ကူး တယ်။ ပထမဆုံး ရေးဖြစ်တာက အဆိုတော် ကိုခင်မောင်တိုး အင်တာဗျူး ရေးဖြစ်သွားပါတယ်။ အဲဒီမှာ ပေဖူးလွှာက စထွက်ခါစ၊ ဒီဘက်မှာ အရှိန်ကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

နေတာက သပြေမဂ္ဂဇင်း အရှိန်ကောင်းနေတယ်။ ဆရာမောင်တည်ငြိမ်ရဲ့ အင်တာဗျူးတွေနဲ့ အရှိန်ကောင်းနေပါတယ်။ ပေဖူးလွှာမှာ ကျွန်တော်က အဆိုကျော်တွေနဲ့ အင်တာဗျူးလုပ်တဲ့အခါကျတော့ အခြေအနေက လုပြီး လုပ်ရသလို ဖြစ်နေတယ်။ အန်ကယ်ဦးမြလှိုင်က ဘာပြောသလဲဆိုတော့ 'ခင်ဗျား သူများနဲ့ လုပြီးလုပ်ရတဲ့ အလုပ် မလုပ်နဲ့ ကိုဝင်းငြိမ်း'တဲ့။ စာရေးဆရာ အင်တာဗျူး လုပ်ဗျာတဲ့။ အဲဒီတော့ ကျွန်တော် ဘယ်သူ့ကို စလုပ်ရမလဲဆိုတော့ 'စမ်းစမ်းနွဲ့(သာယာဝတီ)'က စလုပ်တဲ့။ ဒါကြောင့် ဆရာမ စာတွေ အများကြီး ဖတ်ပြီး သူနဲ့ စလုပ်ခဲ့ပါတယ်။

**စာတည်း** ။ ။ ဆရာ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနကနေ နိုင်ငံခြား သွားဖြစ်ခဲ့ပုံလေး ပြောပြပေးပါဦး။

**ဆရာဝင်းငြိမ်း** ။ ။ ဟုတ်ပြီ။ ကျွန်တော် စာတွေ ရေးနေတယ်။ ရုံးတစ်ဖက်နဲ့ စာတွေ ရေးနေတဲ့အခါကျတော့ ရုံးမှာ အဲဒီခေတ်က တွဲဖက်အတွင်းဝန်တို့၊ အတွင်းဝန်တို့ဆိုတာ ရှိတယ်။ သူတို့က သိပ်မကြည်ဘူးဗျ။ ကျွန်တော့်စိတ်ဓာတ်က တစ်မျိုး။ လုပ်စရာရှိတာ ပြီးအောင် လုပ်မယ်။ ပြီးရင် ကျွန်တော် လုပ်ချင်တာ လုပ်မယ်။ အိုဗာတိုင်ကို ကျွန်တော် မမက်ဘူး။ ကျွန်တော့်အတွက်က အိမ်မှာပိုပြီး free ဖြစ်တယ်။ ရုံးမှာထိုင်ပြီး ကျဉ်းကျပ်စွာနဲ့ ဝတ္ထုဖတ်ပြီးတော့ အဲဒီခေတ်မှာ ရမယ့် အိုဗာတိုင်ကြေး ၂ ကျပ်ကို ကျွန်တော် မမက်ဘူး။ အိမ်မှာ ဇိမ်နဲ့ နေရတာကို မက်တယ်။ အဲဒီအတွက်ကို သူတို့ မြင်တာက ကျွန်တော်က အိုဗာတိုင် မလုပ်ဘူးပေါ့။ အလုပ်မပြီးရင်တော့ ကျွန်တော့်တာဝန်ပေါ့။ အလုပ်မရှိဘဲနဲ့ ကျွန်တော် မလုပ်ချင်ဘူး။ သူတို့က တည့်တည့်လည်း မပြောဘဲ ကောက်တယ်ပေါ့ဗျာ။ နောက်ကျတော့ အခု ပထမမြန်မာပုဂ္ဂလိကဘဏ် တည်ထောင်တဲ့ ဒေါက်တာစိန်မောင် ဆိုတာ ရှိတယ်။ သူက ကျွန်တော်တို့ဆီမှာ အတွင်းဝန် ဖြစ်လာတဲ့အခါ ကျွန်တော်နဲ့ ခင်တယ်။ ချစ်တယ်။ တပည့်တစ်ယောက်လိုပဲ ခိုင်းစရာရှိရင် ကျွန်တော့်ကို ခိုင်းတယ်။ သူက မေးတယ်။ မင်းကို ဘာဖြစ်လို့ ပရိုမိုးရှင်း မပေးတာလဲတဲ့။ မသိဘူး ဆရာ။ ကျွန်တော် အိုဗာတိုင် မထိုင်လို့ ဖြစ်မှာပေါ့လို့ ပြောတော့ 'အေး မင်းရဲ့ remark မှာ အိုဗာတိုင် မထိုင်ဘူးလို့ တွေ့ရတယ်'တဲ့။ ဟုတ်တယ်။ အိုဗာတိုင်

mgyoe.com

SAMPLE BOOK

ကျွန်တော် မထိုင်ဘူး။ မထိုင်ဘူးဆိုတာ အလုပ်ရှိရင် ကျွန်တော် ထိုင်မယ်။ မိုးလင်းတဲ့အထိ ၂ ရက်၊ ၃ ရက် လုပ်ရင် လုပ်ရပါစေ၊ ကျွန်တော် ထိုင်မယ်။ အလုပ်မရှိဘဲ ကျွန်တော် မထိုင်ချင်ဘူးလေ။ ကျွန်တော်က ၂ ကျပ်ကို ညာမယူချင်ဘူးဆိုတော့ ဆရာက 'မင်း အဲဒါ ခက်တယ်၊ လုပ်ရတယ်ကွ'တဲ့။ မဟုတ်ဘူး ဆရာ၊ ကျွန်တော် ညာမယူချင်ဘူးလို့ ပြောလိုက်တယ်။ သူလည်း ကျွန်တော့်ကို ဘောင်ထဲကနေ လုပ်ပေးရမှာ ဆိုတော့ဗျာ။

ကျွန်တော် အိုဗာတိုင် မထိုင်တာက အပြင်မှာ ကျွန်တော် စာရေးနေပြီ။ ကျွန်တော် ရုံးမှာ တာဝန်ကျေအောင်တော့ လုပ်တယ်။ မညာချင်ဘူး။ အဲဒီမှာ သူ World Bank ကို ရောက်သွားသေးတယ်ဗျ။ အဲဒီမှာ အွန်ဂျူတီနဲ့ လေး ငါးနှစ်လောက် သွားလိုက်ရတယ်။ သူ သွားနေတုန်းမှာ ရုံးမှာ ကျွန်တော့် 'Same Match' တွေ လေး ငါး ခြောက်ယောက်က ပရိုမိုးရှင်းတွေ ရပြီး လက်ထောက်ညွှန်မှူးတွေ ဖြစ်သွားကြတယ်။ ကျွန်တော်က မဖြစ်ဘူး။ သူတို့ နိုင်ငံခြားတွေ ဘာတွေ သွားရတယ်။ ကျွန်တော် မသွားရဘူး။ ကျွန်တော့်ကို ချန်ကိုထားတာဗျ။

ကျွန်တော်လည်း နေပလေ့စေပဲ။ တစ်ခုက ကျွန်တော်က ကျွန်တော့် အထက်က လူကြီးအိမ်ကိုလည်း အဝင်အထွက် မလုပ်ဘူး။ လူကြီးရဲ့ မိန်းမ ရှိတဲ့ရုံးကို ကျွန်တော် သွားပြီး 'မမ,ဘူး'။ သဘောက ရုံးတို့ အိမ်တို့ကို အဝင်အထွက် လုပ်ရမယ်၊ သူ့မိန်းမကို မ,ရမယ်။

တချို့ ကားမောင်းတတ်တဲ့သူက ကားသွားမောင်းတယ်။ ဒါတွေက ကျွန်တော့်အတွက် မလိုဘူး။ ဆိုတော့၊ ကျန်တဲ့လူတွေ ရာထူးတက်တယ်၊ ကျွန်တော် မတက်ဘူး။ ပြဿနာ မရှိပါဘူး။ အဲဒီအချိန်မှာ ဒေါက်တာစိန်မောင် World Bank က ပြန်ရောက်လာတယ်။ လက်ထောက်ညွှန်မှူးတွေ အစည်း အဝေး ခေါ်တိုင်း သူက ကျွန်တော့်ကို ထည့်ခေါ်တယ်။ ရုံးခန်းမှာ လုပ်တဲ့ အစည်းအဝေးလောက်ကိုတော့ သူ တမင်ခေါ်တာပဲလေ ဆိုပြီး ကျွန်တော် မပြောသေးဘူး။ တကယ်တော့ သူ မသိသေးတာ။ သူက ကျွန်တော့်ကို လက်ထောက်ညွှန်မှူးပဲ အောက်မေ့နေတာ။ နောက် သူနဲ့ ကျွန်တော် အလုပ် လုပ်နေရင်း နှစ်ယောက်တည်း ရှိတဲ့အခါ ကျွန်တော်က ဆရာ့ကို ကျွန်တော် ပြောစရာ ရှိတယ်ဆိုတော့ သူက ပြောတဲ့။ ကျွန်တော် လက်ထောက်ညွှန်မှူး မဟုတ်ဘူး ဆရာ ဆိုတော့... 'ဟင် မဟုတ်ဘူးလား'တဲ့။ မဟုတ်ဘူး ဆရာ

mgyoe.com

mgyoe.com

ပေါ့။ သူက အံ့အားသင့်ပြီး မင်းကို ဘာလို့ မပေးသေးတာလဲတဲ့။ မသိဘူး ဆရာ ဆိုတော့။ သူက ပြန်ကြည့်တယ်။ အဲဒီမှာ အိုဗာတိုင်ကိစ္စ သွားတွေ့တာပဲ။

အိုဗာတိုင်ကိစ္စက ရုံးက ၄ နာရီ ဆင်းတယ်။ ကျွန်တော်က ပေဖူးလွှာ မဂ္ဂဇင်းတိုက်ကို အရောက်သွားရတာ ဆိုတော့ အိုဗာတိုင်ကို ကျွန်တော် မမက်တော့ဘူး။ ၂ ကျပ်ကို မမက်တာထက် အလုပ်မရှိလို့ ကျွန်တော် မလုပ်တာပါ။ အဲဒီတော့ ဒေါက်တာစိန်မောင်က ငါ ကြည့်လုပ်ပေးပါ့မယ်ကွာတဲ့။ နောက်ကျတော့ ရုံးကို ဘယ်သူ ရောက်လာသလဲဆိုတော့ ကျွန်တော် စီးပွားရေးတက္ကသိုလ် တက်တုန်းက စာသင်ပေးတဲ့ ဒေါက်တာဒေါ်ခင်အုန်းသန့် ဆိုတာ ရှိတယ်။ သူကလည်း ကျွန်တော့်ကို တက္ကသိုလ်မှာကတည်းက မှတ်မိနေပုံရတယ်။ သူကလည်း 'မင်းက ဘာကြောင့် မရတာလဲ'တဲ့။ 'ဆရာမရယ်… ကျွန်တော် ဘယ်သိမလဲ၊ မပေးလို့ မရတာပေါ့'လို့ ပြောပြပါတယ်။

တစ်ခါကျတော့ အမေရိကမှာ ရှိတဲ့ IMF ကို သင်တန်း သွားတက်ဖို့ ဝါရှင်တန်ဒီစီမှာ ရှိတဲ့ ၃ လသင်တန်း သွားတက်ဖို့အတွက် ကျွန်တော်တို့ အဆင့်တူတာတွေ စာမေးပွဲ ဖြေရတယ်။ ဖြေတဲ့အခါမှာ ဆရာမနဲ့ ဆရာဦးဘသန်း ဆိုတဲ့ ဆရာတစ်ယောက်တို့က ကျွန်တော့်ကို ထောက်ခံပေးတဲ့အတွက် ကျွန်တော် သင်တန်း သွားတက်ရပါတယ်။

တစ်ယောက်တည်းပဲ သွားတက်ရပါတယ်။ အဲဒီတုန်းက ၁၉၉၁ မှာ သွားရတာ။ ၁၉၉၀ အောက်တိုဘာလမှာတုန်းက ကျွန်တော် ဘာဖြစ်သွားလဲ ဆိုတော့ လေဖြတ်သွားပါတယ်။ လေဖြတ်သွားပြီး ဆေးရုံတက်နေတဲ့ အချိန်မှာပဲ ဟိုက အကြောင်းကြားလာတယ်။ ကျွန်တော့်ကို လက်ခံတယ်။ သင်တန်း လာတက်ရမယ် ဆိုပြီး အကြောင်းပြန်လာတယ်။ အဲဒီတော့ ရုံးကို ကျွန်တော် ပြောတယ်။ ကျွန်တော်တော့ ဘယ်လိုမှ သွားနိုင်မယ် မထင်ဘူး၊ လေဖြတ်ထားတယ်၊ လူလဲရင် လဲလိုက်ပါ ဆိုပြီး။ ရုံးက ပြောတယ်၊ လဲလို့ မရဘူး၊ Accept လုပ်ပြီးပြီ၊ မင်း မသွားနိုင်ရင်လည်း ဒီနှစ် ဒီ chance ကို အဆုံးရှုံးခံလိုက်ရုံပဲ ရှိတယ်တဲ့။ သွားနိုင်အောင် ကြိုးစားပါတဲ့။

ကျွန်တော်က အောက်တိုဘာ ၂၃ မှာ လေဖြတ်တယ်။ တကယ် သွားရမှာက ၁၉၉၁ ဧပြီလ last week မှာ သွားရမှာပါ။ နိုဝင်ဘာမှာ ဆေးရုံက ဆင်းလာပေမယ့် ခြေထောက်က လမ်းသွားနိုင်တယ်။ လက်က မကောင်းဘူး။ လက်အတွက် Physical Exercise ထပ်လုပ်ရတယ်။ အိမ်မှာ

mgyoe.com

mgyoe.com
SAMPLE BOOK


နေရင်းနဲ့ ညီ၊ ညီမတွေက လုပ်ပေးတဲ့အတွက် အဆင်ပြေပါတယ်။ ကျွန်တော် ဆေးရုံတက်နေတဲ့ အတောအတွင်းမှာပဲ မျိုးမြင့်က အဖမ်းခံရတယ်။ အဖမ်းခံရပြီး သူ ရုံးထုတ်တဲ့အချိန်မှာ ကျွန်တော် မသွားနိုင်ဘူး။ မသွားနိုင်တော့ သူကလည်း ကျွန်တော် သေပြီပေါ့။ အဲဒီလို အောက်မေ့တယ်။ ကျွန်တော် ဆေးရုံက ဆင်းတဲ့အခါမှာ အသိတစ်ယောက်က အိမ်မှာ လာမေးရင်း အမေက စပ်မိစပ်ရာ ပြောနေရာက အမေ့ပါးစပ်က မျိုးမြင့်လည်း ခုနစ်နှစ်ဆိုပြီး… သူက ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်ပြီး ရပ်လိုက်တယ်။ ကျွန်တော်က သူတို့ ပြောတာ နားထောင်နေတာဆိုတော့ လက်က အောက်ကို ဆန့်ထားရင်း လက်ကို မ,လိုက်ရာက အမေ့စကား ရပ်တာ သတိထားမိလိုက်တယ်။ ခုနစ်နှစ်… ဆိုပြီး ရပ်သွားတာ ဘာတုံး… နောက်တော့ မေးရတာပေါ့။ အမေက မဟုတ်ပါဘူး၊ ဘာညာပေါ့ဗျာ။ ကျွန်တော်က ပြောပါ ဆိုတော့ 'မင်း စိတ်ခိုင်ခိုင်ထားတဲ့၊ မင်းညီ မျိုးမြင့် ထောင်ခုနစ်နှစ် ကျတယ်'တဲ့။ ကျွန်တော်လည်း ထိုင်ငိုမိတယ်ဗျာ။ နောက် ထောင်ဝင်စာ သွားတွေ့ပါတယ်။ အဲဒီတော့မှ သူကလည်း ကျွန်တော် မသေဘူး သိတာ။ ညီတွေက သူ့ကို ပြောပြတယ်။ ကျွန်တော် လေဖြတ်ထားတယ်ဆိုတာ သူက မယုံဘူး။ အဲဒီတော့မှ သွားတွေ့ရတာ။

အဲဒီလိုနဲ့ ၁၉၉၁ မှာ ဝါရှင်တန်ဒီစီကို သွားရတယ်။ သင်တန်းတက်ရတယ်။ သင်တန်းတက်တော့ ဒီမှာတုန်းက မလုပ်ရတာတွေ ဟိုမှာ တစ်ယောက်တည်းဆိုတော့ ကိုယ့်ဟာကိုယ် လုပ်ရတာ။ အခန်းက တစ်ယောက်တည်း အခန်း။ ခုနစ်ထပ် ရှိတဲ့ 'Concadia' ဆိုတဲ့ အဆောက်အအုံမှာ။ အခုတစ်ခေါက် ပြန်သွားရှာတော့ အဲဒီ Concadia အဆောက်အအုံ မတွေ့တော့ဘူးဗျ။ ကျွန်တော်ပဲ မျက်စိလည်နေသလား မသိဘူး။ အဲဒီအဆောက်အအုံက နေ ဘယ်လောက်ဝေးတဲ့ နေရာလဲဆိုတော့ ဒီနဲ့ ရွှေပုဇွန်ဆိုင် (မဟာဗန္ဓုလပန်းခြံလမ်းမှ လမ်းသစ်လမ်း) လောက် ရှိတဲ့ သင်တန်းနေရာကို နေ့တိုင်း လမ်းလျှောက်ရတယ်။ နောက်တစ်ခါ အဆောင်မှာ တစ်ယောက်ခန်း ဆိုတော့ ကိုယ့်ဟာကိုယ် အားလုံး လုပ်ရတယ်။ ချက်ရတယ်။ မီးဖိုချောင်နဲ့ ပတ်သက်တဲ့ ရေခဲသေတ္တာ၊ ဂက်စ်… အကုန်ရှိတယ်။ ရေချိုးခန်းက bathtub ဆိုတော့ ရေချိုးခန်းမှာ ရေချိုးပြီး ပြန်ထွက်တဲ့အခါတိုင်း ကျွန်တော် ချွေးဒီးဒီးကျရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် ရေချိုးခန်းရဲ့ bathtub က ဘယ်ဘက်မှာ ကပ်ထား

mgyoe.com

mgyoe.com SAMPLE BOOK

တာ ဆိုတော့ ဆင်းရင် ညာဘက်ကို ဆင်းရမှာ။ အဲဒီတော့ ဆင်းခါနီးတိုင်း ကျွန်တော် ရေချိုးပြီးရင် ချွေးပြန်ပြီ။ လဲလိုက်ရင် တစ်ယောက်တည်းလေ။

အဲဒီလိုမျိုးပေါ့ဗျာ။ ဒီကနေ ရွှေပုဇွန်လောက်ကို နေ့တိုင်း လမ်းလျှောက်ရတဲ့ အကျိုးကျေးဇူးက exercise ဖြစ်သွားပါတယ်။ ရောက်စက မိုးအုံ့သလို ရှိပေမယ့် သူတို့ဆီက ရာသီဥတုက တော်တော်ထူးဆန်းပါတယ်။ ဧပြီလကုန်ပြီး မေလ ၁ ရက်နေ့ ရောက်တာနဲ့ လုံးဝ နွေဖြစ်သွားပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေး မကောင်းတဲ့အတွက် အနွေးထည် မချွတ်ဘဲ အမြဲဝတ်ထားဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာသင်ခန်းထဲမှာလည်း အဲယားကွန်းက အမြဲ ဖွင့်ထားတာပါ။ အဲဒီမှာ ကျွန်တော်ရယ်၊ မလေးကရယ်… ဘူတန်ကရယ်… တရုတ်ရယ်… ဖိဂျီကရယ်… အပူပိုင်းက လာကြတာဆိုတော့ အအေးမခံနိုင်ကြဘူး။ ကျွန်တော်တို့က အအေးကို သွားလျှော့လိုက်။ တခြားလူတွေက ပြန်တိုးလိုက်နဲ့။ သုံးလလုံး အဲဒါ နေ့တိုင်း လုပ်နေကြတာ။ အအေးမခံနိုင်ဘူးလေ။ သူတို့က ဖွင့်၊ ကျွန်တော်တို့က ပိတ်နဲ့။

ကျွန်တော့် ပရိုမိုးရှင်းနဲ့ ပတ်သက်ပြီး နောက်တစ်ခါ အခက်အခဲကြုံတာက ကျွန်တော့်ကို ပရိုမိုးရှင်းပေးတော့မယ့် အချိန်၊ စာမေးပွဲ စစ်ပြီးချိန်မှာပေါ့။ SB က ကျွန်တော့်ကို ခေါ်တယ်။ ဘာလုပ်မှာမှန်း ကျွန်တော်က မသိဘူး။ ကျွန်တော်က ဌာနက ဖြစ်တဲ့အတွက် ဌာနကို အကြောင်းကြားပြီး ခေါ်တယ်။ သွားလိုက်ပါ ဆိုတော့ ကျွန်တော် သွားတယ်။ အဲဒီတုန်းက ဝင်းငြိမ်း နာမည်နဲ့ စာပေစိစစ်ရေးက ထုတ်ဝေခွင့်ကတ်ပြားလျှောက်ဖို့ ထုတ်ဝေခွင့်ပုံစံ သွားတောင်းထားတယ်။ ကျွန်တော့်ကို စစ်တော့ ကျွန်တော့်ရာထူးက ပြန်တမ်းဝင်အရာရှိ ဖြစ်နေတဲ့အတွက် သုံးပွင့်က စစ်ရပြီး တစ်ပွင့်က လိုက်ရေးပါတယ်။ စစ်တော့ စားပွဲနဲ့ဗျ။ သူက စာရွက်ကို ဟိုဘက်မှာ ချထားတယ်။ ကျွန်တော်က ဒီဘက်မှာ ထိုင်တယ်။ စာရွက်မှာ တိုင်ကြားသူများ ဆိုပြီးတော့ အောက်က မျဉ်းပိတ်ပြီးတော့ ကျွန်တော့်ကို တိုင်ထားတာ တွေ့တယ်။ သူက စာရွက်တစ်ရွက်နဲ့ အပေါ်က လူစာရင်းကို ပိတ်ထားတယ်။ မေးရင်း၊ ရေးရင်းနဲ့ ရွှေ့သွားတယ်။ ရွှေ့သွားတော့ သူ ထသွားတုန်း တွေ့လားလို့ တစ်ယောက်က မေးတယ်ဗျ။

တိုင်တဲ့သူတွေက ပေဖူးလွှာ ဦးမြလှိုင်ရယ်၊ ပေဖူးလွှာကို ရိုက်ပေးနေတဲ့ ဦးမြတ်ကျော်ရယ်၊ ဦးမြလှိုင်ရဲ့တူ ကိုဝင်းနိုင်ရယ်က တိုင်တာ။ ကျွန်တော်ဟာ ဝန်ထမ်းတစ်ယောက် ဖြစ်ပါရက်နဲ့ ထုတ်ဝေခွင့်ကို လိမ်ပြီး လျှောက်ပါ

mgyoe.com

တယ်လို့ တိုင်တာ။ ဝန်ထမ်းတစ်ယောက်က၊ တိုင်းပြည်ရဲ့ လစာကို စားနေတဲ့ ဝန်ထမ်းတစ်ယောက်ဟာ နောက်ထပ် အလုပ်တစ်ခုကို လုပ်ခွင့်မရှိဘူးဆိုတဲ့ အတွက် ကျွန်တော့်ကို အရေးယူမယ်ဆိုတဲ့ သဘောပေါ့လေ။

သူ မေးတဲ့အခါကျတော့ ကျွန်တော်က 'ခင်ဗျား ထုတ်ဝေခွင့်လျှောက်လွှာ မြင်ဖူးလား' လို့ မေးတယ်။ သူက မမြင်ဖူးဘူးတဲ့။ 'ရော့' ဆိုပြီး ကျွန်တော် အိတ်ထဲက ထုတ်ပေးလိုက်တယ်။ သူက ဖတ်ကြည့်တယ်။ ကျွန်တော်က အဲဒီမှာ လက်ရှိအလုပ်အကိုင် ဆိုတာ ပါလားပေါ့။ မပါဘူး။ အခုလည်း မပါဘူး။ အဲဒီတော့ မပါတဲ့ မေးခွန်းတစ်ခုကို ကျွန်တော်က ဖြေရမလား။ မပါတာကို ကျွန်တော် ဘယ်လိုသွားဖြေရမလဲ။ ဒီတော့ ကျွန်တော့်ကို ဘာကြောင့် ခေါ်မေးရတာလဲပေါ့။ တိုင်တဲ့လူ ရှိလို့တဲ့။ အဲဒီလိုဆို ကျွန်တော်လည်း တိုင်မယ်၊ စာရွက်ပေး ဆိုတော့၊ ဘယ်သူ့ တိုင်မှာလဲတဲ့။ ဒေါက်တာတင်ထွန်းဦးက ကျန်းမာရေးဌာနက ဝန်ထမ်းတစ်ဦး။ သူက သုတစွယ်စုံ ဆိုတဲ့ စာအုပ်တိုက် လုပ်ထားတယ်။ မောင်သာချိုက တက္ကသိုလ်က နည်းပြတစ်ဦး။ သူက အိပ်မက်ဖူး ဆိုတဲ့ နာမည်နဲ့ ထုတ်ဝေခွင့်ကတ်ပြား ရထားတယ်။ သူတို့ကို ကျွန်တော် တိုင်မယ်။ ကျန်တဲ့သူတွေကို ရှာပြီးတိုင်မယ်ဆိုတော့ မလုပ်ပါနဲ့၊ မတိုင်ပါနဲ့တဲ့။ တကယ်တော့ ကျွန်တော်လည်း မတိုင်ဖြစ်ပါဘူး။ အဲဒီစစ်ဆေးမှုကြောင့် တကယ် ပရိုမိုးရှင်းပေးမယ်ဆိုတော့ ခြောက်လ ထပ်နောက်ဆုတ်သွားပါတယ်။ ခြောက်လ ပြည့်ပြီးတော့မှ ကျွန်တော် တစ်ယောက်တည်းကို သက်သက် ပရိုမိုးရှင်း အော်ဒါထွက်ပေးပါတယ်။

စာတည်း ။ ။ ဆရာ ၁၉၈၁ ဇွန်လမှာ ပေဖူးလွှာမဂ္ဂဇင်း ပြန်ထုတ်တာ တွေ့ရပါတယ်။ စာတည်းက ဆရာခင်မောင်မြင့်၊ အမှုဆောင်စာတည်း သုံးယောက်က ဆရာမောင်သုခ၊ ဆရာအောင်မြင့်၊ ဆရာ မျိုးမြင့်ညိမ်း၊ အုပ်ချုပ်ရေးမှူးက ဦးဝင်းနိုင် ဆိုပြီး တွေ့ရပါတယ်။ အဲဒီမှာ ဆရာက 'ပေလွှာဖူးသစ်' ဆိုတဲ့ ကဏ္ဍကနေ 'ရင်ခုန်သံသီချင်းသည်' ဆိုတဲ့ ခေါင်းစဉ်နဲ့ တေးထုတ်လုပ်သူတွေနဲ့ တေးရေးဆရာတွေကြားမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာ။ သီချင်းရေးပေးတာ ဘာဖြစ်လို့ စာအုပ်ထုတ်ရောင်းတာလဲ ဆိုတဲ့ ပြဿနာ အဲဒီပြဿနာတွေ ဆရာက ဖော်ထုတ်ပြီး ရေးလိုက်တယ်။ အဲဒီ ကဏ္ဍလေး ဖြစ်ပေါ်လာပုံကို ပြောပြပေးပါဦး ဆရာ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဆရာဝင်းငြိမ်း ။ ။ အဲဒါက ပေါ့ပ်အနေနဲ့ ကျွန်တော် လုပ်တာပါ။ အဲဒီတုန်းက ဘာတွေ ဖြစ်နေသလဲဆိုတော့ မိုးကြိုးငှက်ငယ်ဆိုတဲ့ အဖွဲ့က အရမ်းနာမည်ကြီးနေပါတယ်။ တစ်နှစ်ကို ၃၆၅ ရက်ရှိတာ၊ သူတို့ ပွဲခွင်က ၄၅၀ လောက် ရှိနေပါတယ်။ နေ့တိုင်း ကရတယ်။ နှစ်ပွဲ၊ သုံးပွဲ ကနေရတယ်။ သူတို့က စတီရီယိုသီချင်းတွေနဲ့ ကကြတယ်။ အဲဒီမှာ တေးရေးဆရာတွေက သူတို့ ခွင့်ပြုချက်မယူဘဲ ဒီမိုးကြိုးငှက်ငယ်လေးများအဖွဲ့က သူတို့သီချင်းတွေ သုံးပြီး စီးပွားရေးလုပ်စားနေပါတယ်။ သီချင်းရေးဆရာလေး ငါး ခြောက်ယောက်ကနေပြီးတော့ ပုဏ္ဏက ပါတယ်၊ သုခမိန်လှိုင်ပါတယ်၊ ဦးကျော့မှူး ပါတယ်။ အဲဒီလူတွေ စုပြီး ကျွန်တော့်ကို ပြောတာ။ ပန်းဆိုးတန်းရဲ့ မောင်ချစ်ဆိုင်နားက အခန်းတစ်ခန်းမှာ ပြောကြတာကို ကျွန်တော်ရေးဖြစ်တာပါ။ ဒါပေမဲ့ သူတို့ ရင်ဖွင့်တာကို ရေးပေမယ့် ဘာမှ effect မဖြစ်ဘူး။ ကတဲ့အဖွဲ့က ကမြဲ ကနေတာပါပဲ။

စာတည်း ။ ။ ဆရာ ပေဖူးလွှာမှာပဲ 'သူတို့ချစ်တဲ့ အနုပညာကမ္ဘာ' ဆိုပြီးတော့ အဆိုတော်တွေနဲ့ တွေ့ပြီးတော့ သူတို့တေးသီချင်းမှုရင်းတွေကို ဖော်ပြတယ်။ တေးရေးသူတွေနဲ့ တေးဆိုသူတွေတွေ့ပြီးတော့ သူတို့သီချင်း ခံစားချက်ကို ဖော်ပြတယ်။ ဆရာ အဲဒီဂီတလောကကို ဝါသနာပါခဲ့ပုံ အစလေး ပြောပြပေးပါဦး ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ဂီတလောကနဲ့ ပတ်သက်တာကတော့ ကျွန်တော် ဘွဲ့ရပြီးတဲ့နောက်ပိုင်း ၁၉၆၇ နောက်ပိုင်းမှာ မျိုးမြင့်တို့က လူငယ်တွေအနေနဲ့ ရပ်ကွက်မှာ သီတင်းကျွတ်၊ တန်ဆောင်တိုင်တို့မှာ စတိတ်ရှိုး လုပ်မယ်ပေါ့။ အဲဒီတော့ လုပ်ချင်လုပ် ဆိုတော့ အစ်ကို ပါပေးမှ၊ လူကြီးတစ်ယောက်အနေနဲ့ ရပ်ပေးမှလို့ ပြောတယ်။ လုပ်ပေါ့ ဆိုတော့ သူတို့က ဘယ်သူ့ကို ခေါ်လာသလဲဆိုတော့ အဲဒီတုန်းက နာမည်လုံးဝမရှိသေးပေမယ့် မြန်မာ့အသံမှာ Local Talent အနေနဲ့ သီချင်းဆိုနေပြီ ဖြစ်တဲ့ ဘိုဘိုဟန်ကို ခေါ်လာတယ်။ ဘိုဘိုဟန်က ပင်တိုင်ပေါ့။ တစ်ညလုံးအနေနဲ့ ကျွန်တော်တို့က အရက်ဖြူတိုက်ပြီး ဆိုခိုင်းပါတယ်။ ဘာရယ်တော့ မဟုတ်ဘဲ အပျော်သဘောနဲ့ ရပ်ကွက်ထဲမှာ လုပ်ကြပါတယ်။ ၃ ရက် လုပ်ကြတာပါ။ ကျွန်တော်တို့က

mgyoe.com

ဘယ်သူနဲ့ ရင်းနှီးသလဲဆိုတော့ အဲဒီတုန်းက အပြင်မှာ အရမ်းနာမည်ကြီးနေတဲ့ မင်းမင်းလတ်နဲ့ ရင်းနှီးပါတယ်။ ဆိုတော့ ကိုလတ်ကြီး တစ်ညလောက် လာဆိုပေးပါလို့ ပြောတော့ သူက လာဆိုပေးပါတယ်။ ဘယ်လောက်ထိ သဒ္ဓါရသဘောနိုင်သလဲဆိုရင် ဘိုဘိုဟန် ဆိုနေတုန်းမှာ မင်းမင်းလတ် ရောက်လာရင် ကျွန်တော်တို့က ခင်ဗျား ခဏရပ်လိုက်၊ မင်းမင်းလတ် ဆိုပါစေလို့ တားလိုက်တယ်။ အဲဒီမှာ ဘိုဘိုဟန်ကြီးက ရပ်ပေးရှာတယ်။ မင်းမင်းလတ်က ဆိုတယ်။ နောက်တော့ ဘိုဘိုဟန်က တအားအောင်မြင်သွားတယ်။ မင်းမင်းလတ်က သီချင်း မဆိုတော့ဘူး။

အဲဒီလိုနဲ့ ဂီတနဲ့ ဆက်နွယ်သွားပြီးတော့ ကျွန်တော် ၁၉၇၇ မှာ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲတွေ လုပ်ကြတော့ ရန်ကုန်မြို့ထဲမှာ သူ့နေရာနဲ့သူ မြို့နယ်အလိုက် ဓာတ်ရုံတွေ ရှိတယ်။ ဗဟန်းမှာ သူ့ဓာတ်ရုံနဲ့သူ ရှိတယ်။ မင်္ဂလာတောင်ညွန့်မှာ ရှိတယ်။ ကျွန်တော်တို့ ကျိုက်တော်မှာလည်း ရှိတယ်။ စသဖြင့် သူ့ဓာတ်ရုံနဲ့သူ ရှိတော့ ဓာတ်တွေက လှည့်ပြီး ကကြတယ်။ ဓာတ်ရုံတွေက Permanent ရှိကြတယ်။ သိမ်ဖြူကွင်းထဲမှာလည်း ဓာတ်ရုံတစ်ရုံ ရှိတယ်။ ဓာတ်တွေ ဝင်တယ်။ ကျွန်တော်တို့က… ဒါလည်း မျိုးမြင့်ပဲ သယ်လာတဲ့ အလုပ်ဗျ။ သူ့သူငယ်ချင်း ကိုကျော်လှိုင် ဆိုတဲ့ လူတစ်ယောက် ရှိတယ်။ အစ်ကိုက အဖေနဲ့ လက်ဖွဲ့ပွဲလုပ်ဖူးတဲ့ အတွေ့အကြုံရှိတယ် ဆိုပြီး သူပဲ ခေါ်လာတာ။ ပွဲလုပ်ကြမယ်ပေါ့။ ဒါပေမဲ့ ငွေရင်းက များမယ်။ တစ်ယောက်ကို ငါးထောင်လောက် ရင်းရမယ်။ နောက်တစ်ယောက်တော့ ခေါ်ဦးမှဆိုပြီး ခေါ်တော့ ရုပ်ရှင်မင်းသမီး ဒေါ်မေရှင်ရဲ့တူ၊ ကိုအောင်မြင့်ကို ခေါ်လိုက်တယ်။ အဲဒီတော့ ကိုကျော်လှိုင်ရယ်၊ ကိုအောင်မြင့်ရယ်၊ ကျွန်တော်ရယ် တစ်ယောက် ငါးထောင်စီ ထည့်ကြပြီးတော့ သိမ်ဖြူကွင်းရုံမှာ ပလေးဘွိုင်း သွင်းမယ်ဆိုပြီး ကိုသန်းနိုင်တို့ ပလေးဘွိုင်းကို စသွင်းဖြစ်တာပါ။ အဲဒီကနေ တောက်လျှောက် ပျဉ်းမနားတို့၊ မန္တလေးတို့၊ ပြည်တို့မှာ ပလေးဘွိုင်း စတိတ်ရှိုးတွေ သွင်းဖြစ်သွားပါတယ်။ ဒါက စတိတ်ရှိုးကန့်ထရိုက်ပေါ့။

**စာတည်း** ။ ။ သူတို့ကို စတိတ်ရှိုး သွင်းတုန်းက ၁၉၇၇ သိမ်ဖြူကွင်းမှာ ပလေးဘွိုင်းသန်းနိုင်နဲ့ ပထမဆုံးအကြိမ် ဆရာစခဲ့တဲ့ စတိတ်ရှိုးသွင်းတာကို ဖတ်ခဲ့ရပါတယ်။ အဲဒီတုန်းက သူတို့ရဲ့ စတိတ်ရှိုး

mgyoe.com

mgyoe.com

ကြေးက လေးထောင်လို့ ဖတ်ရပါတယ်။ ရယ်စရာလေး ပြောရရင် စတိတ်ရှိုးမှာ လူစုံချင်တဲ့အတွက် ချို့ပြုံးကို ထည့်မယ်လို့ ပလေးဘွိုင်းသန်းနိုင်က ဆရာ့ကို ပြောတယ်။ အဲဒီမှာ ဆရာရယ်၊ ဆရာ့ညီ ဆန်နီညိမ်းရယ်၊ သူ့သူငယ်ချင်း မင်းသား ကိုသုမောင်ရယ် ချို့ပြုံးဆီ သွားခဲ့ကြတယ်။ ဟိုရောက်တော့ အဲဒီ အချိန်က ချို့ပြုံးက အရမ်းဟော့ ဖြစ်နေတာကြောင့် အဆိုတော်ကြေး ၁၂၀၀ တောင်းလိုက်တယ်။ ဆရာက အဆိုတော်ကြေးတော့ မယူပါနဲ့၊ မိတ်ကပ်ဖိုးပဲ ယူပါဆိုပြီး ဈေးဆစ်တဲ့အတွက် ချို့ပြုံးက ထအော်တယ် ဆိုတာလေး ဖတ်မိပါ တယ်။ အဲဒါလေး ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ ဟုတ်တယ်ဗျ၊ အဲဒီကတည်းက သူနဲ့ ခင်မင်ရင်းနှီးသွားတာ အခုထိပါပဲ။ မောင်နှမလိုပါပဲ။ သူက အဲဒီတုန်းက အဆစ်တောင်းသေးတာဗျ။ သူ့ညီမ ရွှင်ပြုံးက မင်္ဂလာဆောင်မှာဆိုတော့ ရွှင်ပြုံးကိုလည်း ခေါ်ပါ ဆိုပြီး။ ဟ… ကျွန်တော်က ချို့ပြုံးကို လာငှားတာ ဘယ့်နှယ် ရွှင်ပြုံး ပါလာရတာလဲပေါ့။ သူက လုပ်ပါ၊ ရှင်ကလည်း ခေါ်ပါ ဆိုပြီးတော့ သူ့ကို ၅၀၀ နဲ့ တည့်တဲ့အချိန်မှာ သူက ရွှင်ပြုံးကို ၁၅၀ နဲ့ တောင်းပေးတာ။ ပြီးတော့ ကျွန်တော်တို့က သူ့အမျိုးသား ဒေါက်တာမြင့်ဆွေကို အကူအညီတောင်းတာ ဆိုတော့ ဟိုက ဆိုပေးလိုက်ပါပေါ့။ ချို့ပြုံးက ရှင်တို့က ဝန်ကြီးချုပ်ကို ကိုင်ပြီး ပြောမှတော့ ဆိုပေးရမှာပေါ့ဆိုပြီး လက်ခံလိုက်တာပါ။

**စာတည်း** ။ ။ ဆရာ… ၁၉၈၃ ဇွန်လထုတ် ပေဖူးလွှာမဂ္ဂဇင်းမှာ ဆရာက သီချင်းတစ်ပုဒ်ချင်း ဖော်ပြနေရာကနေ 'ထွက်ပြီး၊ ထွက်ဆဲ၊ ထွက်တော့မယ့် စီးရီး'တွေကို ပရိသတ်နဲ့ မိတ်ဆက်ပေးတဲ့ အစီအစဉ်ကို ပြောင်းခဲ့တာ တွေ့ရပါတယ်။ 'ဒီလ စီးရီးအညွှန်း'လို့ ခေါင်းစဉ် တပ်ထားပါတယ်။ အဲဒီကာလတုန်းက ဆရာတို့နဲ့ ခေတ်ပြိုင် တခြားမဂ္ဂဇင်း တွေမှာ အဲဒီလို ကဏ္ဍမျိုး ရှိခဲ့ပါသလား ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ မရှိဘူး။

**စာတည်း** ။ ။ အဲဒီအကြောင်းလေး ပြောပြပေးပါဦး ဆရာ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဝင်းငြိမ်း ။ ။ အဲဒီတုန်းက စီးရီးအညွှန်း ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး 'ဝင်းကိုကို' ကလောင်နဲ့ လုပ်ခဲ့တာပါ။ ပထမပိုင်းတုန်းက သီချင်းတစ်ပုဒ်ချင်း၊ ကလေးတွေကြားမှာ ဟော့ဖြစ်တဲ့၊ ရေပန်းစားတဲ့ သီချင်းတွေကို မိတ်ဆက်ပေးတဲ့ကဏ္ဍ လုပ်ခဲ့ပါတယ်။ အဲဒီကာလက ကိုနေဝင်းရဲ့ 'မိုးရဲ့ရင် ဆောင်းရဲ့ရမယ်' သီချင်း။ ဆရာစိုင်းခမ်းလိတ်ရဲ့ 'ဘီးကလေး' စသဖြင့် အဲဒီလို သီချင်းတွေကို လုပ်ခဲ့ပါတယ်။ နောက်ပိုင်းကျတော့ ကျွန်တော် တစ်လကို တစ်ယောက်ချင်း ရေးရတာကို စိတ်ထဲမှာ အားမရတဲ့အတွက် ထွက်ပြီးသား စီးရီးတွေ၊ ထွက်တော့မယ့် စီးရီးတွေကို ခံစားသုံးသပ်ချက်တွေနဲ့ ရေးခဲ့ပါတယ်။

စာတည်း ။ ။ ဟုတ်ကဲ့ပါ၊ ဆရာ အဲဒီကာလတုန်းက ပေဖူးလွှာ မဂ္ဂဇင်းရဲ့ တန်ဖိုးက ၇ ကျပ် ၅၀ ပြား။ စောင်ရေက တစ်သောင်းလို့ တွေ့ရပါတယ်။ ကျွန်တော် သိချင်တာက အဲဒီကာလတုန်းက ဆရာတို့ ရတဲ့ စာမူ ဥာဏ်ပူဇော်ခလေးကို ဆရာ မှတ်မိရင် ပြောပြပေးပါဦး။

ဆရာဝင်းငြိမ်း ။ ။ မှတ်မိတာပေါ့၊ မှတ်မိပါတယ်။ အဲဒီတုန်းက စာရေးဆရာ အင်တာဗျူးအတွက် တစ်ပုဒ်ကို ၅၀ ကျပ် ရပါတယ်။ ကျန်တာတွေလည်း ၅၀ ကျပ်ပါပဲ။ စီးရီးအညွှန်းအတွက်က ၂၅ ကျပ် ရတယ်။

စာတည်း ။ ။ အဲဒါက မဂ္ဂဇင်းရဲ့ အခြေအနေနဲ့ ပေးတာလား ဆရာ။ ဘယ်လို သတ်မှတ်ပြီး ပေးတာပါလဲ ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ကိုယ့်ဟာကိုယ် အဆင်ပြေသလို ပေးကြတာပါ။ ယနေ့အထိ စာမူတောင်းလို့၊ စာမူပေးလိုက်တယ် ဆိုပါတော့။ ကျွန်တော် ရေးနိုင်တဲ့ မဂ္ဂဇင်းကို စာမူပေးပြီးရင် စာမူခကို မေးလည်း မမေးဘူး။ တောင်းလည်း မတောင်းဘူး။ ကျွန်တော်ကတော့ စာမူခ ဘယ်လောက်မျှ ရမှ ရေးတယ် ဆိုတာမျိုး မရှိပါဘူး။ ရေးပေးလိုက်တယ်။ ပေးသမျှကိုပဲ ကျွန်တော် လက်ခံပါတယ်။ စာမူခ ဆိုတာ ဘယ်ခေတ်မှာပဲဖြစ်ဖြစ် စာပေတိုက်တွေက

mgyoe.com

mgyoe.com SAMPLE BOOK

သူ့စောင်ရေနဲ့ အဆင်ပြေသလို ပေးကြတာပဲ။ ကျွန်တော်က အဲလို တွက်တဲ့အတွက် ကိုယ် ရေးချင်ရေးမယ်၊ ကိုယ်မရေးချင်ရင် နောက် မရေးဘူး။ အခုအချိန်ထိကို အယ်ဒီတာတွေက စာမူတောင်းသွားတယ်။ ဆက်တိုက် ဆက်တိုက်တောင်းတယ်။ စာမူသာ ပါသွားတယ်။ စာမူခ လာမပေးတဲ့ တိုက်တွေလည်းရှိပါတယ်။ ကျွန်တော်တို့ကတော့ အပြင်မှာ ရေးလည်း ရေးခဲ့ပါတယ်။ ရေးသည့်တိုင်အောင်လည်း စာမူခကို မျှော်ကိုးတာမျိုး မဟုတ်ပါဘူး။ တခြားသူတွေကတော့ မျှော်ကိုးတယ်ဆိုတဲ့ သဘောမျိုးလည်း မဟုတ်ပါဘူး။ စာရေးဆရာဆိုတာ စာမူခ ရသင့်တာချည်းပါပဲ။

**စာတည်း** ။ ။ ဆရာ… ဆရာတို့ ပေလွှာဖူးသစ် ကဏ္ဍမှာတုန်းက အသစ် အသစ်တွေအတွက် စခဲ့တာလို့ ဆောင်ပုဒ်မှာလည်း ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီကဏ္ဍတွေ စခဲ့တဲ့ စိတ်ကူးဖြစ်ပေါ်လာပုံလေး ပြောပြပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ အဲဒီ အချိန်တုန်းက တကယ် ပြောကြမယ်ဆိုရင် စာရေးဆရာကြီးတွေက အားကောင်းကောင်းနဲ့ ရေးနေကြတုန်း ရှိသေးတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့က နောက်လာမယ့် မျိုးဆက်သစ်တွေအတွက် ရည်ရွယ်ပြီးတော့ ပေလွှာဖူးသစ် ဆိုပြီးတော့ ကဏ္ဍလေး ဖွင့်ခဲ့တာပါ။

**စာတည်း** ။ ။ ဆရာက ဂီတလောကကိုလည်း စိတ်ဝင်စားတယ်။ မန္တလေးဇာတိဖွားလည်း ဖြစ်တယ်ဆိုတော့ 'မန်းတောင်ရိပ်ခို' သီချင်းနဲ့ ပတ်သက်ပြီး မေးခွန်းလေးတစ်ခု မေးပါရစေ ဆရာ။ ဆရာနဲ့ဆရာမြို့မကိုပေါ်နဲ့ အင်တာဗျူးတုန်းက မြို့မကိုပေါ် ပြောသွားတဲ့အထဲမှာ ဒီကနေ့ ကျွန်တော်တို့ သိထားတဲ့ မန်းတောင်ရိပ်ခို၊ မြနန္ဒာ သီချင်းဟာ မြို့မငြိမ်းရေးတဲ့ သီချင်းအဖြစ် သိထားပါတယ်။ ဒါပေမဲ့ မြို့မကိုပေါ် ပြောပြတာကတကယ့်အဖြစ်မှာ အဲဒီလို မဟုတ်ဘူး။ အဆိုကျော် ကိုအံ့ကြီးတို့က မြို့မငြိမ်းရဲ့တေးသီချင်း သုံး လေးပိုဒ်က သံပြိုင်ပုဒ်တွေ ယူပြီးတော့ သူတို့ဘာသာ ဖန်တီးစပ်ဆိုလိုက်တယ်လို့ သိရပါတယ်။

mgyoe.com

mgyoe.com

ကျွန်တော် သိချင်တာက ကိုအံ့ကြီးတို့ 'မန်းတောင်ရိပ်ခို' ဆိုတဲ့ အဲဒီသီချင်းကို အခုတော့ 'မြနန္ဒာ' ဆိုပြီး ဂန္တဝင်ဖြစ်နေပါပြီ။ သီဆိုစဉ်က ဆရာမမြို့မငြိမ်း ရှိနေသေးလား ဆိုတာရယ်၊ ဘာတစ်ခုမှ မပြောခဲ့ဘူးလား ဆိုတာရယ် သိချင်ပါတယ် ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ဆရာမြို့မငြိမ်း ရှိနေပါသေးတယ်။ ဆရာကိုပေါ် ပြောတဲ့ဟာကတော့ ဆရာမြို့မငြိမ်း ဆုံးပြီး နှစ်ပေါင်း တော်တော်လေး ကြာတဲ့အခါ နောက်ပိုင်းမှာ သီချင်းနဲ့ ပတ်သက်ပြီး လေးနက်တဲ့ ပြဿနာတွေ ရှိလာခဲ့ပါတယ်။ ဒီသီချင်းဟာ မြို့မငြိမ်းတစ်ယောက်တည်း ရေးခဲ့တာ မဟုတ်ဘူး။ နန်းတော်ရှေ့ဆရာတင်လည်း ပါတယ်။ ပြီးတော့… သုံးယောက်ပဲဗျ။ အခုတော့ သုံးယောက် ရေးတာလို့ လက်ခံထားတယ်။

စာတည်း ။ ။ ဒါဆို ဆရာ။ သူ့ရဲ့ သံပြိုင်ပိုဒ်တွေကနေ ယူပြီး စပ်ဆိုခဲ့တာ မဟုတ်ဘူးဆိုတဲ့ သဘောလား။

ဆရာဝင်းငြိမ်း ။ ။ အဲဒီလိုတော့ ကျွန်တော် အတိအကျ မပြောတတ်ဘူး။ အဆိုတော် ဦးအံ့ကြီးကိုလည်း ရွှေအမြုတေ ဒီဘက် ခေတ်မှာ သူ နိုင်ငံခြားက ပြန်ရောက်လာချိန်မှာ မေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူက အဲဒီအကြောင်းတွေ မပြောချင်ဘူး ဆိုလို့ ဆက်မမေးဖြစ်ခဲ့ပါဘူး။

စာတည်း ။ ။ ဆရာ့ကို နောက်တစ်ခုလောက် မေးပါရစေဦး ဆရာ။ တေးသီချင်းနဲ့ ပတ်သက်လို့ ရသမြောက်ခြင်း၊ မမြောက် ခြင်းနဲ့ ပတ်သက်ပြီး မေးချင်လို့ပါ။ ဆရာ ဆရာမြို့မကိုပေါ်ကို အင်တာဗျူး တုန်းက ဆရာမြို့မကိုပေါ်က ပြောဖူးပါတယ်။ ဆရာမြို့မငြိမ်းဟာ တေးသီချင်း တွေ စပ်ဆိုတဲ့အခါ 'ငါက တစ်သက်စာ စပ်တာကွ'လို့ သူက ပြောသွား ပါတယ်။ ဆရာကိုယ်တိုင်မှာတော့ သီချင်းတွေကို ခံစားတဲ့အခါ ဘယ်သီချင်း က ရသမြောက်တယ်၊ ရသမမြောက်ဘူး ဆိုတာ ဆရာ့ရဲ့ စိတ်ကြိုက် ခံစားချက် လေးတွေနဲ့ ဘယ်လို ဆုံးဖြတ်သလဲ သိပါရစေ ဆရာ။

mgyoe.com

mgyoe.com SAMPLE BOOK

**ဆရာဝင်းငြိမ်း** ။ ။ ဆရာမြို့မငြိမ်း ပြောတဲ့ 'တစ်သက်စာအတွက် ရေးတာကွ' ဆိုတာ ဒီလိုလေ။ ဥပမာ– လူချွန်လူကောင်း သီချင်းက အခု ဖွင့်ရင်လည်း အခုထိ ရသမြောက်နေတုန်းပဲ။ ဒီသီချင်းနဲ့ ပတ်သက်ပြီး ဘာဘစိုလ်ကလေးတင့်အောင်တို့ ပြောဖူးတယ်။ ဟိုခေတ်တုန်းက ပြည်တော်သာ စီမံကိန်းတွေနဲ့ ပတ်သက်ပြီး 'ပြိုင်ပွဲခေါ်'တဲ့အခါကျတော့ သူတို့လည်း ဝင်ပြိုင်တယ်။ ဆုတွေ ဘာတွေ ရခဲ့ကြတယ်။ အဲဒီအချိန်တုန်းက ဆရာမြို့မငြိမ်းက လူချွန်လူကောင်း သီချင်းနဲ့ ပြိုင်ပွဲဝင်ခဲ့တယ်။ အဲဒီတော့ အခုကျတော့ သူတို့ ပြန်ပြီးတော့ ရှက်သွားတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဆုရခဲ့တဲ့ သီချင်းတွေကို ဘယ်သူမှ မသိတော့ဘူး။ ခေတ်ကာလနဲ့လည်း အံမဝင်တော့ဘူး။ ဒါပေမဲ့ ဆုမရခဲ့တဲ့ ဆရာမြို့မငြိမ်းရဲ့ 'လူချွန်လူကောင်း' သီချင်းကျတော့ ခုအချိန်ထိ ခေတ်မီနေတုန်းပဲတဲ့။

သီချင်းတစ်ပုဒ်ရဲ့ ရသမြောက်မှု ဆိုတာ ဒါပါပဲ။ ခေတ်တိုင်း ခေတ်တိုင်း အံဝင်နေရမယ်။ ရသမြောက်ရမယ်။ ဒါပါပဲ။ ဆိုကြပါစို့ဗျာ။ မိသားစုသီချင်းလေး တစ်ပုဒ် ရှိတယ်။ တိရစ္ဆာန်ရုံကို သွားကြတဲ့ သီချင်းလေး။ အဲဒီထဲမှာ သုံးဘီးကားတို့၊ အကြွေပေးလိုက်ပါတို့ ဆိုတဲ့ စာသားမျိုးတွေ ပါတယ်။ အဲဒါကျတော့ ဒီခေတ်မှာ အံမဝင်ပါဘူး။ ဒါကို ဆိုလိုတာပါ။ ဆရာမြို့မငြိမ်း ရေးခဲ့တဲ့ သီချင်းတွေကျတော့ ခေတ်ကာလ ပြောင်းပေမယ့် အံဝင်နေသေးတယ်။ ဒီတော့ တေးသီချင်းတွေဟာ ကာလ ဘယ်လိုပဲ ပြောင်းပြောင်း၊ ခေတ်နဲ့ အံဝင်နေသေး တယ် ဆိုရင် ဂန္ထဝင်လို့ တင်စား သတ်မှတ်တယ်။ ကာလတွေ ဘယ်လိုပဲ ပြောင်းပြောင်း ရသမြောက်နေတယ်။ ဂန္ထဝင်၊ ဂန္ထဝင်နဲ့ အရမ်း အရမ်းပြောကြ တယ်။ ဂန္ထဝင်ဆိုတာ ဘာလဲ။ Definition မပါဘဲ၊ မသိဘဲ မပြောစေချင်ပါ ဘူး။ ဂန္ထဝင်ဆိုတာ ခေတ်တွေ ဘယ်လိုပဲပြောင်းပြောင်း ခေတ်နဲ့ အံဝင်ခွင်ကျ ဖြစ်နေရမယ်။ အဲဒီလိုပဲ ကာလတွေ ဘယ်လိုပဲ ပြောင်းပြောင်း ခေတ်နဲ့ အံဝင်ခွင်ကျ ဖြစ်နေတဲ့ ဝတ္ထု၊ ပရိသတ် လက်ခံနေတဲ့ ဝတ္ထုကို ဂန္ထဝင်ဝတ္ထုလို့ ပြောလို့ရပါတယ်။ အရမ်းကာရော ဂန္ထဝင်ဆိုတဲ့ စကားကို ပြောလို့ မရပါဘူး။ သွတ်သွင်းလို့ မရပါဘူး။

**စာတည်း** ။ ။ ဆရာ… ဆရာနဲ့ အဆိုတော် ကိုအံ့ကြီးတို့ အင်တာဗျူး တဲ့အထဲမှာ ဆရာ မေးတဲ့ မေးခွန်းလေးတစ်ခုကို

mgyoe.com

 SAMPLE BOOK 

ကိုအံ့ကြီးက ဖြေသွားပါတယ်။ ၁၉၆၃ ခုနှစ်တုန်းက သူ့ရဲ့ညီ ဦးဘသိန်း နိုင်ငံခြားက ဝယ်လာတဲ့ Ampex ဆိုတဲ့ အသံဖမ်းစက်နဲ့ အသံသွင်းယူခဲ့တဲ့ နန်းတော်ရှေ့ဆရာတင် ရေးတဲ့ 'ကျေးရွာဝါဒ' သီချင်းဟာ စတီရီယိုခေတ်ရဲ့ အစလို့ ပြောသွားတာကို ဆရာကိုယ်တိုင်ကလည်း မှတ်ချက်ပေးခဲ့ပါတယ်။ အသံဖမ်းတဲ့ စနစ်ကို မူတည်ပြီး ပြောသွားတာလို့ သိရပါတယ်။ ဓာတ်ပြားခေတ်ရဲ့ အသံသွင်းစနစ်ပေါ့နော်။ အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော် သိပ်နားမလည်လို့ ရှင်းပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း ။** ။ ဒီလိုဗျ… လူတွေက ပြောကြတယ်။ စတီရီယိုသီချင်း၊ မိုနိုသီချင်း ဆိုပြီး ပြောကြတယ်။ တကယ်မှာက စတီရီယို၊ မိုနိုဆိုတာက အသံသွင်းတဲ့ စနစ်ကို ပြောတာ။ မိုနိုဆိုတာ သီချင်း ဖွင့်လိုက်လို့ရှိရင် သူက စပီကာဘယ်နှလုံးနဲ့ပဲ ဖွင့်ဖွင့်၊ သူက သီချင်းထဲက နေပြီးတော့ ဂီတသံရော၊ သီချင်းရော၊ ဥပမာ… ဆိုင်းပါမယ်၊ တယောပါမယ်၊ နှဲပါမယ်၊ စသဖြင့် အားလုံးက Channel တစ်ခုတည်းက သွားတာ။ အဲဒါ မိုနို။

စတီရီယို ဆိုတာက တစ်ဖက်မှာက သီချင်းသံနဲ့၊ စန္ဒရားသံ ထွက်မယ်၊ တစ်ဖက်မှာက ဂီတသံ ထွက်မယ် စသဖြင့် တခြား Instrument အသံတွေ ထွက်မယ်။ အဲဒီလို ခွဲထွက်သွားခြင်းက စတီရီယို။ အဲဒီတော့ 'ကျေးရွာဝါဒ' သီချင်းကို အဲဒီလို စတီရီယိုတိုက်နဲ့ ဖြစ်အောင် Ampex အသံဖမ်းစက်နဲ့ ဖမ်းခဲ့လို့ ပြောတာပါ။ အခု ပြောနေကြတာက စတီရီယိုသီချင်း စတီရီယိုသီချင်း နဲ့ ပြောနေကြတယ်။ အမှန်တော့ စတီရီယိုသီချင်းဆိုတာ မဟုတ်ဘူး။ ပုံသဏ္ဍာန် အားဖြင့်လည်း မတူတော့ မတူတာ အမှန်ပါ။ သို့သော် နာမည်တပ်တာ မှား တယ်ဗျ။ စတီရီယို၊ မိုနို ဆိုတာ အသံထွက်စနစ်ကို ပြောတာ။ သီချင်းကို ပြောတာ မဟုတ်ဘူး။ သီချင်းအမျိုးအစားကို ပြောတာ မဟုတ်ဘူး။ သို့သော် ကလေးတွေ တော်တော်များများ နားလည်နေတာက စတီရီယိုနဲ့ မိုနိုပဲ နားလည် ကြတယ်။ သံစဉ်က မြန်မာသံစဉ်နဲ့ နိုင်ငံခြားကော်ပီသံစဉ် ရှိတယ်။ မြန်မာသံစဉ် ဆိုရင် မိုနို ဆိုပြီး ပြောကြတယ်။ မဟုတ်ဘူးဗျ။ အသံစုံထွက်တာနဲ့ အသံတစ်ခုပဲ ထွက်တာနဲ့ ကြည့်ပြီး စတီရီယို၊ မိုနို ခွဲရတာ။ သီချင်းနဲ့ မဆိုင်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်းတွေ ဘာတွေလည်း စတီရီယိုစနစ်နဲ့ အသံဖမ်းထားတာဆိုရင် အိမ်မှာ Sound Box တွေ ဘာတွေနဲ့ နားထောင်ကြည့်ရင် သိပ်နားထောင်လို့ ကောင်းပါတယ်။ တစ်ဖက်ကနေပြီးတော့ ပတ်မဝိုင်းက အသံ၊ တစ်ဖက်က နေပြီးတော့ တခြား Instrument တွေရဲ့ အသံ ကြားရမယ်။ သိပ်ကိုနားထောင်လို့ ကောင်းတယ်ဗျ။ အထူးသဖြင့် အသံပတ်လည်ပြေးတဲ့ Sound Box စနစ်ဆိုရင် ပိုပြီး အရသာရှိပါတယ်။ ဆိုင်းဝိုင်းထဲမှာ ထိုင်နားထောင်နေရသလိုကို အရသာရှိပါတယ်။

ကလေးတွေ စတီရီယို၊ စတီရီယို ပြောရင်းနဲ့ စတီရီယို အဆိုတော်လို့ ပြောတဲ့ ကလေးတွေကိုယ်တိုင်က စတူဒီယိုနဲ့ မကွဲကြတာဗျ။ တစ်နေ့က ပွဲတစ်ပွဲမှာ Presenter လုပ်တဲ့ အဆိုတော်တစ်ယောက်က စတူဒီယို၊ စတူဒီယိုနဲ့ ပြောသွားတာ ကြားခဲ့ရသေးတယ်။ အမှန်တော့ Studio ဆိုတာ အသံဖမ်းတဲ့ အခန်းကို ပြောတာဗျ။ စတီရီယိုကမှ အမှန်။

စာတည်း ။ ။ ဆရာ… ဆရာနဲ့ ဆရာစိန်ခင်မောင်ရီတို့ အင်တာဗျူးတဲ့အထဲမှာ ဆရာစိန်ခင်မောင်ရီ ပြောသွားတာလေး တွေ့ရပါတယ်။ သူဟာ ရုပ်ရှင်ဝေဖန်ရေးတွေ အရေး ပြောင်မြောက်တဲ့အတွက် ဒါရိုက်တာတစ်ယောက် စာပေတိုက်မှာ လာစိန်ခေါ်တာ ခံရတယ် ဆိုတာတွေ၊ ထမင်း ဖိတ်ကျွေးပါရစေ ဆိုပြီး ဝိုင်းရိုက်ဖို့ ကြံစည်ခံရတာတွေ ပြန်ပြောင်း ပြောသွားတာ တွေ့ရပါတယ်။ ဒါတောင် ဒီကနေ့ခေတ် ရုပ်ရှင်ကားတွေကိုသာ ဆရာစိန်ခင်မောင်ရီ ဝေဖန်ရရင် ဘယ်လိုများ နေမလဲ မပြောတတ်ပါဘူး။ ဆရာ့အနေနဲ့ကော ဒီကနေ့ခေတ် မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုကားတွေကို ဘယ်လို မြင်ပါသလဲ ဆရာ။ ဆရာ့ကိုတော့ ချောင်းရိုက်ရဲတဲ့လူ ရှိမယ် မထင်ပါဘူး။ အဲဒါလေး ပြောပေးပါဦး ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ဒီကနေ့ခေတ်မှာလည်း ကားကောင်းတွေ ရှိပါတယ်။ ပရိသတ် အလိုလိုက်ရင်း လိုက်ရင်းနဲ့ မြန်မာ့ရုပ်ရှင်တွေဟာ အဆင့်အတန်း၊ အရည်အချင်း ကျဆင်းလာရတာပါ။ မင်းသား၊ မင်းသမီး အများကြီး သုံးရတယ်။ ဇာတ်တွေက ပေါချာချာဇာတ်တွေပါ။ ဟိုတုန်းကတော့ ကားတစ်ကား ကြည့်မယ်ဆိုရင် တကယ့်အနှစ်သာရ ရှိတဲ့

mgyoe.com

mgyde.com

ကားတွေ ကြည့်ရတယ်။ မင်းသားဆိုလည်း တစ်ယောက်ပဲ သုံးတယ်။ မင်းသမီး ဆိုလည်း တစ်ယောက်ပဲ သုံးတယ်။ ဒါကြောင့်မို့ ခေတ်တစ်ခေတ်ကို မင်းသား ခေတ်၊ မင်းသမီးခေတ် သုံးကြတယ်။ ကြည့်မယ်ဆိုရင် ရွှေဘပေါ့။ ရွှေဘ ခေတ်၊ တင်ညွန့် ခေတ်ပေါ့။ နောက် ဇေယျ ခေတ်။ မင်းသမီးဆိုရင်လည်း ကြည်ကြည်ဌေးဆို ကြည်ကြည်ဌေးပေါ့လေ။ သို့သော် ဘယ်ကားပဲ ကြည့်ကြည့်၊ ဇေယျ၊ ကြည်ကြည်ဌေးက အတွဲများတယ်။ အခုကျတော့ အဲဒီလို မဟုတ်ဘူး။ ခန့်စည်သူရယ်၊ ပြေတီဦးရယ်၊ သူထူးစံရယ်··· ဘာညာပေါ့ဗျာ။ မင်းသားက လည်း လေး ငါး ခြောက်လက်၊ မင်းသမီးကလည်း လေး ငါး ခြောက်လက်နဲ့ ရိုက်နေကြရတယ်။ ရိုက်တော့လည်း ပေါချာချာဇာတ်တွေချည်းပဲ။ ဟိုတစ်နေ့ ကပဲ ကျွန်တော် စဉ်းစားမိနေတယ်။ ဇာတ်ကားနာမည်တွေက ဟော့ရှော့၊ ဝွတ်ရှယ်သမက်၊ ဘာမိတွန်၊ လာထား အာဘွား··· တဲ့။ အဲဒီတော့ နာမည်တွေက အစ ခပ်ချာချာ၊ ခပ်ပေါပေါ နာမည်တွေနဲ့ ဖြစ်ကုန်ပြီ။ ဟိုတုန်းက နာမည်မျိုး တွေ မဟုတ်တော့ဘူး။ ဒါဟာ ကျွန်တော် အသက်ကြီးသွားလို့၊ ခြောက်ဆယ် ကျော်သွားလို့ ခေတ်နောက်ကျတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော့်အနေနဲ့ ပြောမယ်ဆိုရင်တော့ နာမည်တွေကအစ သဘောမကျဘူး။

စာတည်း ။ ။ ဟုတ်ကဲ့ပါ။ ကျွန်တော်လည်း ဖတ်ဖူးတာပါ။ လူနာမည် တော့ မမှတ်မိတော့ပါဘူး။ ဒါရိုက်တာကြီး တစ်ဦးနဲ့ အင်တာဗျူးထားတာကို ဖတ်ဖူးတာပါ။ အဲဒီမှာ အင်တာဗျူးတဲ့လူက ဒီကနေ့ ခေတ်မှာ ဝါသနာ သရုပ်ဆောင်နဲ့ အသပြာသရုပ်ဆောင် နှိုင်းယှဉ်မယ်ဆိုရင် အသပြာ သရုပ်ဆောင်က ပိုများနေတာ တွေ့ရတယ်လို့ ဗျူးသွားပါတယ်။ သူ ဆိုလိုတဲ့ ဝါသနာ သရုပ်ဆောင်ဆိုတာ ကိုယ်နဲ့ လိုက်ဖက်တဲ့ ဇာတ်မျိုး၊ အနေအထားမျိုးမှ ရိုက်မယ်ဆိုတဲ့ သရုပ်ဆောင်မျိုးကို ပြောတာပါ။ ဒီကနေ့ ခေတ်မှာတော့ အခြေအနေကို မူတည်ပြီး ရိုက်နေကြတဲ့ သရုပ်ဆောင်တွေက ပိုများတယ် ဆိုတာကို ဗျူးသွားတာ တွေ့ရပါတယ်။ နောက်တစ်ယောက်ရဲ့ အင်တာဗျူးကတော့ ဒါရိုက်တာချိုတူးဇော်ရဲ့ အင်တာဗျူးပါ။ သူ့ကို မြန်မာ ပရိသတ်အတွက် ဘာများ ပြောချင်ပါသလဲလို့ မေးတော့ သူ ပြောသွားတာ လေးကို ကျွန်တော် တော်တော်အံ့သြတုန်လှုပ်မိပါတယ်။ မြန်မာဗီဒီယိုကားတွေ

mgyde.com

mgyoe.com SAMPLE BOOK

မကြည့်ပါနဲ့တဲ့။ ဒီကနေ့ခေတ် ရုပ်ရှင် အခြေအနေကတော့ သူတို့ဟာ သူတို့ပဲ သိနေပြီလို့ ပြောရမှာပါပဲ။ ဒီကိစ္စကို သိပ်လည်း မပြောတော့ပါဘူး ဆရာ။

**ဆရာဝင်းငြိမ်း** ॥ ॥အဲဒါလေး ကျွန်တော် ပြောချင်တယ်ဗျ။ ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ 'မိုးညအိပ်မက်မြူ' ဝတ္ထုကို ရိုက်ထားတဲ့ ရုပ်ရှင် ရုံတင်နေပါတယ်။ အဲဒီ 'မိုးညအိပ်မက်မြူ'ကို Version သုံးမျိုးစလုံး ကျွန်တော် ကြည့်ဖူးတယ်ဗျ။ ပထမဆုံး ရိုက်တာက ညွန့်ဝင်း၊ ဒုတိယရိုက်တာက မန္တလေးသိန်းဇော်၊ အခု တတိယရိုက်တာက နေတိုး။ အဲဒီ 'မိုးညအိပ်မက်မြူ' ဇာတ်မျိုးကို ဒီကနေ့ခေတ်မှာ ရှုံးမယ်ဆိုတာ သိရက်သားနဲ့ ထုတ်ရဲတဲ့သူက ထုတ်သလို ရိုက်ရဲတဲ့သူကလည်း ရိုက်သွားတယ်။ မနေ့ညက Facebook ထဲမှာ တစ်ယောက်က ဆိုးဆိုးဝါးဝါးကို ဝေဖန်ပါတယ်။ သူက မန္တလေးသိန်းဇော် ရိုက်တဲ့ကားကို ကြည့်ဖူးထားတယ်။ အခုကားမှာ မင်းသားကို ဝေဖန်တာပါ။ ညံ့တယ်၊ ဘာညာပေါ့ဗျာ။ ကျွန်တော်ကတော့ အခုကားကို ချီးကျူးထားတယ်။ ဟာသဇာတ်ရုပ်တွေ ခပ်များများ သရုပ်ဆောင်နေတဲ့ နေတိုးဟာ ဒီကားမှာ character သုံးမျိုး သရုပ်ဆောင်ရတယ်။ ဇာတ်ရုပ်သုံးမျိုးနဲ့ သရုပ်ဆောင်ရတယ်။ စိတ်ဝေဒနာသည်အဖြစ် တစ်မျိုး၊ တက္ကသိုလ်ကျောင်းသားအဖြစ် တစ်မျိုး၊ လူရွှင်တော်အဖြစ် တစ်မျိုး၊ အဲဒီလို သုံးမျိုး သရုပ်ဆောင်ရတယ်။ သူ ဟာသကားတွေထက် အများကြီး သရုပ်ဆောင်ပိုင်းမှာ အားစိုက်ခဲ့ရတယ်။ ကိုင်တွယ်နိုင်တယ်။ အဲဒီကားကို ကျွန်တော်နဲ့ ကိုလင်းနိုင်ဦး သွားကြည့်တော့ ဒေါ်ခင်လေးသိမ့်လည်း ရှိတယ်။ သီးသန့်ခေါ်ပြတာပါ။ အဲဒီမှာ မသက်ရှိ ဝတ်တဲ့ အဝတ်အစားပိုင်းမှာ မိုးဟေကို,ကို ပြောတာ။ သူ ဝတ်တာက ကျွန်တော်တို့ အဘွားတွေခေတ်က ဝတ်တဲ့ မှန်နိုင်လွန် မျိုး ဝတ်တယ်။ အိပ်ရာက ထတာတွေမှာ သိပ်သေသပ်လွန်းနေတာ ရှိတယ်။ မှန်နိုင်လွန်နဲ့ အိပ်ရာထတာမျိုးမှာ ပြောစရာပေါ့လေ။ ဒါပေမဲ့ ကားက ခြုံငုံ ကြည့်မယ်ဆိုရင် ကားကောင်းတစ်ကားပါ။ ခက်တာက ပိုက်ဆံမရဘူး။ ကျွန်တော် ကြည့်ပြီးတာနဲ့ ပြောပြဖြစ်ပါတယ်။ ကားကောင်းတယ်။ ပိုက်ဆံတော့ မရနိုင်ဘူး။ လူတွေက ဟာသကားမှ ဟာသကား ဖြစ်နေတယ်။ ဟာသကား တိုင်း ပိုက်ဆံရသလား ဆိုတော့ ဟာသကားတိုင်းလည်း မရဘူး။ တချို့ကား တွေ ကွဲတယ်။ အဲဒီတော့ ပရိသတ်က နိမ့်သွားသလား။ ဒီလိုလည်း ယတိပြတ်

mgyoe.com

m g y o e . c o m
SAMPLE BOOK


ပြောလို့ မရဘူး။ ပရိသတ်က ဟာသတွေပဲ လိုက်နေလို့ ရိုက်နေရသလား။ ၂၀၀၈ ခုနှစ်က အကယ်ဒမီပေးတော့ ဘယ်လိုမှ မမျှော်လင့်ဘဲနဲ့ 'အများနဲ့ မသက်ဆိုင်သောသူ' ဆိုတဲ့ ဟာသကားက ခန့်စည်သူ အကယ်ဒမီ ရသွားတယ်။ ခင်မို့မို့အေးလည်း ရတယ်။

ဒီနှစ်မှာတော့ စောင့်ကြည့်စရာ ဖြစ်လာပြီ။ 'မိုးညအိပ်မက်မြူ' ပါတယ်၊ 'အတိတ်၏ အရိပ်' ပါတယ်၊ 'ကြိုးကြာတောင်ပံခတ်သံ' ပါတယ်၊ 'ကျောက်စက်ရေ' ပါတယ်။ ဒီလေးကားက တကယ့် ဒရာမာ လေးကားပါ။ ကျန်တဲ့ ဆယ့်နှစ်ကားက ဟာသကားတွေ။ အဲဒီကားတွေထဲက ကျွန်တော်တို့ ဘယ်လိုမှ မထင်မှတ်တဲ့ 'အတိတ်၏ အရိပ်'ကားက တရုတ်မှာ ကျင်းပတဲ့ ရွှေကြက်ဖ ရုပ်ရှင်ပွဲတော်မှာ 'အောင်သူရ' က အကောင်းဆုံး သရုပ်ဆောင်ဆု ရထားတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာအကယ်ဒမီ ရွေးချယ်ရေးအဖွဲ့ ဘယ်လိုလုပ်ကြမလဲ။ တော်တော်ကြည့်လို့ကောင်းမယ့်ပွဲပဲလေ။ သိပ်ကြည့်ကောင်းမယ့်ပွဲပါပဲ။

စာတည်း ။ ။ ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့ မြန်မာ အကဲဖြတ်အဖွဲ့တွေ ဘယ်လိုလုပ်ကြမလဲ ဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါပြီ။ ပရိသတ် အကဲဖြတ်တာလည်း စောင့်ကြည့်ရပါဦးမယ်။

ဆရာ… ဆရာနဲ့ ဆရာငြိမ်းကျော်တို့ တွေ့ဆုံအင်တာဗျူးတဲ့ မေ၊ ၈၂ ပေဖူးလွှာထဲမှာ ဆရာက မေးခွန်းထုတ်ခဲ့ပါတယ်။ 'အခုနောက်ပိုင်းမှာ စာပေဘက်မှာရော၊ ရုပ်ရှင်ဘက်မှာရော ဂီတဘက်မှာပါ ဝေဖန်ရေးတွေ တော်တော်ခေတ်စားလာတယ် ဆရာ့အမြင်မှာ ဝေဖန်ရေးကို ဘယ်လို မြင်ပါသလဲ' လို့ ဆရာက မေးခွန်းထုတ်ခဲ့ပါတယ်။

ကျွန်တော် သိချင်တာက အဲဒီ ၁၉၈၂ ကာလက စာပေဝေဖန်ရေးတွေကို ပရိသတ်က လက်ခံတဲ့ အတိုင်းအတာ၊ စာတစ်စောင်ကို ဝေဖန်လိုက်တယ်၊ ရုပ်ရှင်တစ်ကားကို ဝေဖန်လိုက်တယ်ဆိုရင် ပရိသတ်က အဲဒီအပေါ်မှာ လက်ခံခဲ့တဲ့ အတိုင်းအတာ၊ အဲဒီဝေဖန်ရေး အရမ်းအားကောင်းလာအောင် ပရိသတ်ဘက်က ဘယ်လိုမျိုး ပံ့ပိုးမှုတွေ လုပ်ခဲ့သလဲဆိုတာ သိချင်ပါတယ် ဆရာ။

ဆရာဝင်းငြိမ်း ။ ။ အဲဒီကာလတုန်းက စာဖတ်ပရိသတ်ဟာ ဝေဖန်ရေးကို အရမ်းကြိုဆိုတယ်။ ဝေဖန်ရေးဆရာတွေကလည်း

mgyoe.com

mgyoe.com

ဝေဖန်ရေးမှာ ဘက်မလိုက်ခဲ့ကြဘူး။ ဆရာစိန်ခင်မောင်ရီ ဆိုရင် ရုပ်ရှင်ကြည့်ရင် တောင် မေတ္တာလက်မှတ်နဲ့ မကြည့်ဘူး။ ရုပ်ရှင်လက်မှတ် ဝယ်ကြည့်တယ်။ မေတ္တာလက်မှတ်နဲ့ဆိုရင် ဝေဖန်တဲ့အခါ အားနာနေမိမှာစိုးလို့ပါ။ စာပေဝေဖန်ရေး မှာလည်း ဆရာအောင်သင်းတို့က လက်သံပြောင်နေတဲ့ အချိန်၊ ဝေဖန်ရေးကို ပရိသတ်အားလုံးက လက်ခံတယ်၊ ကြိုဆိုတယ်။ ဆရာတွေကလည်း လက် မတွန့်ဘဲ ဝေဖန်ကြတယ်။ အဲဒီတော့ ရုပ်ရှင်ရိုက်တဲ့သူတွေက သတိထားလာ ကြသလို၊ စာရေးတဲ့ သူတွေကလည်း သတိထားပြီး ရေးကြတယ်။ ဝေဖန်ရေး ဟာ ရှိသင့်တဲ့ ကိစ္စလို့ အားလုံးက လက်ခံခဲ့ကြပါတယ်။

ဒါပေမဲ့ ခု သွားမေးရင် ဂီတပဲဖြစ်ဖြစ်၊ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ စာပေပဲ ဖြစ်ဖြစ် ဝေဖန်ရေးရှိရင် ကောင်းတာပေါ့လို့ ပြောကြလိမ့်မယ်။ သို့သော် ဝေဖန်လိုက်ရင် တရားစွဲမယ် ဘာဖြစ်မယ် ဖြစ်နေတာ အများကြီးပဲ။ ရုပ်ရှင် မှာရော၊ စာပေမှာရော ရှိနေတယ်။ အခုမနက် အိမ်က ထွက်လာတုန်းကပဲ ညှော်ခံပွဲ ကျင်းပတဲ့ လူတွေက ဂျာနယ်တစ်စောင်ကို တရားစွဲမယ်ဆိုပြီး ဖုန်းဆက်လာတယ်။ သူတို့ မကျေနပ်ဘူးတဲ့။ ကျွန်တော်က အဲဒီဂျာနယ်ကို သိတယ်။ ဒါကြောင့် နေပါဦး၊ တရားစွဲတယ်ဆိုတာ ပြဿနာတွေ များပါတယ်။ ကျွန်တော် ညှိနှိုင်းပေးပါဦးမယ်လို့ ပြန်ပြောခဲ့ရတယ်။ ရေးတဲ့သူကို ပြန်ဖြေရှင်း ခိုင်းပါ့မယ်၊ ကျေလည်အောင် ဖြေရှင်းခိုင်းပါ့မယ် ဆိုတာမျိုး ပြောခဲ့ရပါသေး တယ်။ ဘာလုပ်မှာလဲ။ ဒါတွေဟာ သံသရာရှည်ပါတယ်လို့ ပြောပြခဲ့ပါတယ်။ ဒါကြောင့် ဝေဖန်ရေးကို ကြိုဆိုပါတယ်ဆိုတဲ့ ဒီခေတ် လူတွေဟာ အရမ်းကို Sensitive ဖြစ်တာ တွေ့နေရတယ်။

**စာတည်း** ။ ။ ဆရာ… ဆရာ ပေဖူးလွှာမှာ စာရေးဆရာ၊ ဆရာမ တွေနဲ့ အင်တာဗျူး မလုပ်ခင်မှာ အဲဒီစာရေးဆရာ၊ ဆရာမရဲ့ ဝတ္ထုတွေ ဖတ်တယ်။ ဖတ်ပြီးမှ အင်တာဗျူးလုပ်တယ်လို့ သိရပါ တယ်။ အဲဒီကာလတုန်းက ဆရာဟာ ဝန်ထမ်းတာဝန်တွေက တစ်ဖက်၊ မဂ္ဂဇင်း တွေမှာ ပေါ့ပ်ကဏ္ဍက တစ်ဖက်။ ပြီးတော့ စာပေအင်တာဗျူးတွေက တစ်ဖက် ဆိုတော့ ဆရာ့ရဲ့ တစ်နေ့တာ အချိန်ဇယားကို ဘယ်လို စီစဉ်ခဲ့ပါသလဲ ဆရာ။ ဆရာ အလုပ်လုပ်တဲ့အခါ အချိန်ဇယားချပြီး လုပ်တတ်ပါသလား ဆရာ။

mgyoe.com

SAMPLE BOOK


ဆရာဝင်းငြိမ်း ။ ။အဲဒီလို ကျွန်တော် မလုပ်ပါဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် ဘောင်မခတ်ထားချင်တဲ့အတွက် အဲဒီလို မလုပ်ပါဘူး။ ရုံးအလုပ်တော့ ကျွန်တော် လုပ်ရပါတယ်။ ပြောရရင် အဲဒီအချိန်က ကျွန်တော့်ရာထူးက အလယ် ရောက်နေတာဆိုတော့ အောက်က တင်ပေးလိုက်တဲ့ အလုပ်တစ်ခုကို ကျွန်တော် သုံးသပ်ပြီးတော့ အပေါ်ကို တင်ပေးတယ်။ အပေါ်က ချပေးလိုက်တဲ့ ဆုံးဖြတ်ချက်ကို သုံးသပ်ပြီးတော့ အောက်ကို ချပေးလိုက်တယ်။ အဲဒီလိုပေါ့လေ။ ကျွန်တော့်မှာ အားလပ်ချိန် တော်တော်များများ ရှိတယ်။ ရှိတော့ စာရေးဆရာ အင်တာဗျူး လုပ်ရမယ်ဆိုတဲ့အခါ ဖတ်ရမယ့် စာအုပ်တွေကို ရုံးမှာပဲ ကျွန်တော် ဖတ်ပါတယ်။ အားတဲ့အချိန်တွေ ဖတ်တာပါ။ နုတ်စ်ခေါင်း လုပ်တယ်။ နောက် သီချင်းနားထောင်ရင်တော့ အိမ်မှာ နားထောင်ပါတယ်။ ရုပ်ရှင်ကြည့်ရင်တော့ သွားကြည့်ပါတယ်။ အချိန်ဇယားနဲ့ ဘောင်ခတ်မထားပါဘူး။ အခုအချိန်အထိလည်း ဘောင်ခတ်မထားသေးဘူး။ ပြောရရင်တော့ ဘောင်ခတ်သင့်တဲ့ အချိန်ကို ရောက်နေပါပြီ။ ရေးရမယ့်ဟာတွေ ရေးဖို့၊ ပြောရမယ့်ဟာကို ပြောသင့်တဲ့အချိန် ရောက်နေပြီ။ ဒါပေမဲ့ အင်တာနက်မှာ ထိုင်လိုက်လို့ လုပ်စရာရှိတာတွေ လုပ်ပြီးတဲ့အခါ ကျွန်တော့်အကျင့်က ဂိမ်းကစားလေ့ရှိတယ်ဗျ။ ဂိမ်းကို ကျွန်တော် တစ်ခါတလေကျရင် ည ၁၂ နာရီ၊ ၁ ချက် ရောက်တဲ့အထိ ကစားတတ်တယ်ဗျ။ အဲဒါ မကောင်းတဲ့ အကျင့်ပါ။ တစ်ခါတလေကျရင်တော့ ကျွန်တော့်ဟာကျွန်တော် ဘရိတ်အုပ်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ နှလုံးရောဂါနဲ့ဆိုတော့ နောက်အကျဆုံး အိပ်ချိန်က ၁၀ နာရီ ဖြစ်သင့်တယ်။ ကျွန်တော့်အကျင့်က မနက်ဆိုရင် ၆ နာရီမှာ နိုးတယ်။ ဘယ်အချိန်ပဲ အိပ်အိပ်ပါ။ ၁၂ နာရီမှာပဲ အိပ်အိပ်၊ ၃ နာရီမှပဲ အိပ်အိပ် မနက် ၆ နာရီမှာ နိုးတယ်ဆိုတော့ ညဉ့်နက်တာ မကောင်းဘူး။ ဆိုတော့ ကျွန်တော် ဘောင်တော့ ခတ်မထားဘူး။ ကြုံသလိုပဲ လုပ်သွားတယ်။ မကောင်းတဲ့ အကျင့်တွေလည်း အများကြီး ရှိပါတယ်။

စာတည်း ။ ။ကျေးဇူးတင်ပါတယ် ဆရာ။ စာပေဝေဖန်ရေးနဲ့ ပတ်သက်ပြီးတော့ မေးခွန်းလေး တစ်ခု မေးပါရစေ ဆရာ။ ဆရာနဲ့ စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းတို့ အင်တာဗျူးကြတုန်းက ဆရာက ပြောခဲ့ပါတယ်။ ‘ဇာတ်သမား တော်တော်များများဟာ

mgyoe.com

mgyoe.com SAMPLE BOOK

ဝေဖန်ရေးကို အော့ကြောလန်ကြတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ဝေဖန်မှု မရှိကြဘူး' လို့ ဆရာက ပြောခဲ့ပါတယ်။ ဆရာ့မှာ ပြဿနာတစ်စုံတစ်ရာ ဖြစ်လာတဲ့အခါမျိုး၊ ပြင်ပမှာ လုပ်ငန်းနဲ့ ပတ်သက်ပြီး ပြဿနာဖြစ်လာတဲ့ အခါမျိုးမှာ ဆရာ့ကိုယ်ဆရာ ပြန်ဝေဖန်ဆန်းစစ်တဲ့ အလေ့အထ ရှိပါသလား ဆရာ။

**ဆရာဝင်းငြိမ်း ။ ။** ရှိပါတယ်။ ကျွန်တော့်ကို တစ်စုံတစ်ယောက်ကနေပြီး တော့ 'မင်း ရေးတာ အစွန်းရောက်တယ်၊ ဘာညာ' ပြောရင် ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ဝေဖန်သုံးသပ်တယ်။ အထူးသဖြင့် ကျွန်တော် အစွန်းရောက်တတ်တာ၊ 'ဝေလင်းဟန်' ကလောင်နဲ့ ဂီတဝေဖန်ရေး တွေ ရေးတုန်းက အစွန်းရောက်တတ်ပါတယ်။ ဝေလင်းဟန်နဲ့ စီးရီးဝေဖန်ရေး ရေးခဲ့စဉ်ကပါ။ တစ်ခါတော့ မေဆွိနဲ့ မင်းယျာ နှစ်ယောက်တွဲ စီစဉ်တဲ့ စီးရီး တစ်ခုပါ။ နာမည်တော့ ကျွန်တော် မမှတ်မိတော့ဘူး။ မောင်ကြေးမုံ ရေးပြီး စီစဉ်တဲ့ စီးရီးပါ။ မင်းယျာရဲ့ အသံက မကောင်းဘူး။ ကျွန်တော် 'ဒီအခွေကို ဖနောင့်နဲ့တောင် ပေါက်ပစ်လိုက်ချင်တယ်'လို့ ရေးခဲ့တယ်။ အဲဒါကို ဘယ်သူ က ပွင့်ပွင့်လင်းလင်း ပြောသလဲဆိုရင် မေဆွိရဲ့ အဖေ ဦးခင်မောင်ညွန့်က ပြောတယ်။ မင်း ရေးတာ ကြမ်းတယ်။ အဲဒီလို မရေးသင့်ဘူးတဲ့။ သူ ပြောမှ ကျွန်တော် ခေါင်းထဲ ပြန်ဝင်လာတယ်။ ဟုတ်တယ်၊ ကျွန်တော် ရေးတာ ကြမ်းသွားတယ်။ အဲဒီလို ကိုယ့်ကိုယ်ကိုယ် ပြန်ကွန်ထရိုးလုပ်ခဲ့တာ ရှိပါတယ်။ လူတစ်ယောက်က ကိုယ့်ကို ပြောလို့ရှိရင် လူဆိုတာတော့ အကောင်းပြောရင် သာယာတာပေါ့။ ရေးတာ ကောင်းတယ်၊ အင်တာဗျူးတာ ကောင်းတယ်ဆိုရင် ကျေနပ်တာပေါ့။ သို့သော် ဝေဖန်လိုက်တဲ့အခါကျတော့ နည်းနည်းတော့ တွန့်တာ အမှန်ပဲ။ တွန့်တော့ ပြန် Analyse လုပ်ကြည့်ရတယ်။ များသွား တယ်၊ မှားသွားတယ် ဒါတွေ ပြန်သိတယ်။ ဒါဟာ လုပ်လည်း လုပ်သင့်တဲ့ ကိစ္စပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ဟာ အပြစ်ပြောလာပြီဆိုရင် ဘာကြောင့် အပြစ်ပြောလာသလဲဆိုတာ ကိုယ်ပြန်သုံးသပ်မှသာ မှားနေရင် အချိန်မီ ပြန်ပြင်နိုင်တာကိုး။ မသုံးသပ်ဘူးဆိုရင် ဘယ်လိုမှ ပြန်မတည့်နိုင်ဘဲ ကိုယ်ထင်ရာ ကိုယ်စိုင်း ဖြစ်သွားမယ်။ လေ့လာသုံးသပ်မှုဆိုတာ ရှိကို ရှိသင့် ပါတယ်။ ကိုယ့်ကိုပြောရင် အပြောခံရလောက်အောင် ချို့ယွင်းချက်တစ်ခု

mgyoe.com

mgyoe.com SAMPLE BOOK

ရှိမယ်။ မရှိဘူးဆိုရင်တော့ တမင်အပြစ်ရှာတာလား ဆိုတာ တွေ့မယ်။ ပြော လာပြီဆိုကတည်းက သူ ပြောတာ ဘာကြောင့်လဲဆိုပြီး ပြန်သုံးသပ်ဖို့ လိုပါတယ်။

**စာတည်း** ။ ။ ဆရာ… ၁၉၈၀-၉၀ တစ်ဝိုက်က မြန်မာပြည်မှာ ရသစာပေ အကြီးအကျယ် တိုးတက်ခဲ့ပါတယ်။ တချို့ ဆိုလည်း ဝတ္ထုတိုရွှေခေတ်လို့တောင် ပြောကြပါတယ်။ အဲဒီအချိန်တုန်းက မြန်မာရသဝတ္ထုတွေနဲ့အတူ နိုင်ငံတကာ ရသစာပေ၊ ဘာသာပြန်စာပေတွေ အရမ်းထွန်းကားနေတာ တွေ့ရပါတယ်။ ကျွန်တော် သိချင်တာက မြန်မာရသ စာပေ တိုးတက်မှု ရေစီးဟာ နိုင်ငံတကာ ရသစာပေ၊ ဘာသာပြန်စာပေတွေ အရှိန်အဟုန်ကောင်းတာကြောင့်လို့ အကျိုးသက်ရောက်မှု ရှိသလား၊ မရှိသလား ဆိုတာ ဆရာ့အမြင်လေး ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ အဲဒီအချိန်တုန်းက နိုင်ငံတကာရသစာပေတွေ အရှိန် အဟုန် ကောင်းသလို မြန်မာရသစာပေလည်း အရှိန် အဟုန်ကောင်းပါတယ်။ မဆိုင်တော့ မဆိုင်ဘူးဗျ။ ကိုယ့်ရေစီးနဲ့ကိုယ် သွားနေ ကြတာပါပဲ။ အဲဒီအချိန်တုန်းက စာဖတ်ပရိသတ်ရဲ့ စီးပွားရေး အခြေအနေ ကောင်းတယ်။ စာအုပ်တစ်အုပ်ကို တစ်ဆယ်လည်း ဝယ်နိုင်တယ်။ ဆယ့်ငါးကျပ် လည်း ဝယ်နိုင်တယ်။ အစိတ်ဆိုလည်း ဝယ်နိုင်တယ်။ ဆရာ အထောက်တော် လှအောင်၊ ဆရာလင်းယုန်မောင်မောင်တို့ လုံးချင်းတွေ၊ ဘာသာပြန်တွေ ဆိုလည်း အနည်းဆုံး ဆယ့်ငါးကျပ်၊ နှစ်ဆယ် ပေးရတဲ့ စာအုပ်တွေပဲ။ ဝယ်ဖတ်ကြတယ်။ အငှားဆိုင်လုပ်ငန်း သိပ်မထွန်းကားသေးဘူး။ ကိုယ်ပိုင်ဝယ်ပြီး စုကြတယ်။ အထောက်တော်လှအောင်ဆိုရင် သူ့စီးရီးလိုက် ဝယ်ကြတယ်။ ကျွန်တော်ဆိုရင် တက္ကသိုလ်ဘုန်းနိုင် စီးရီးလိုက် ရှိတယ်။ မောင်သိန်းဆိုင် စီးရီးလိုက် ရှိတယ်။ ဝင်းဦး စီးရီးလိုက် ရှိတယ်။ ကျွန်တော် ကြိုက်တဲ့ စာရေးဆရာဆိုရင် ဝယ်စုထား တယ်။ ရုံးက Library လုပ်မယ်ဆိုတော့ စာအုပ်တွေ အကုန်လုံး လှူလိုက်တယ်။

**စာတည်း** ။ ။ ဆရာ… ရသစာပေ ဖန်တီးရာမှာ ဒီကနေ့ထိ ပြော နေကြတာက စိတ်ကူးစိတ်သန်းနဲ့ အတတ်ပညာ။ အဲဒီ အပေါ်မှာ အမြဲတမ်း ပြောကြပါတယ်။ ဘယ်ဟာ ပိုသာတယ်၊ ဘယ်ဟာ

mgyoe.com SAMPLE BOOK

ပိုရှေ့တန်းရောက်တယ် စသဖြင့် ပြောကြပါတယ်။ နှစ်ခုစလုံးကတော့ အကျိုးရှိတာပါပဲ။ အဲဒီအပေါ်မှာ ဆရာ မြင်တာလေး ပြောပြပေးပါဦး ဆရာ။ ဆရာကိုယ်တိုင်ကလည်း ရသစာပေနဲ့ ပတ်သက်ပြီး စာအုပ်တွေ အများကြီး ကိုင်တွယ်လာခဲ့သူမို့ မေးကြည့်တာပါ။ ဗဟုသုတရဖို့ ပြောပြပေးပါ ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ စိတ်ကူးစိတ်သန်း ကောင်းသလို၊ အတတ်ပညာလည်း ကောင်းမှ၊ နှစ်ခု ဆုံမှ ရမှာပါ။ စိတ်ကူးကတော့ ကောင်းပြီး Presentation မကောင်းရင် မလှပတဲ့ ဝတ္ထု ဖြစ်သွားမှာပါ။ အတတ်ပညာကတော့ တတ်ပါရဲ့၊ စိတ်ကူးက မကောင်းပြန်ရင်လည်း အဆင်မပြေနိုင်ပါဘူး။ အဲဒီတော့ စိတ်ကူးလည်း ကောင်းရမယ်။ Presentation လည်း လှရမယ်။ ဒါမျိုးမှ ဖြစ်မှာပါ။ ဥပမာ– ဆရာမ ခင်ခင်ထူး ရေးတဲ့ 'မအိမ်ကံ' ကို ဖတ်ကြည့်မယ်ဆိုရင် 'မအိမ်ကံ' ကို ဘာကြောင့် ပရိသတ်စွဲသွားသလဲဆိုတော့၊ ဘာကြောင့် တစ်လပြီး တစ်လ ပရိသတ် စောင့်ဖတ်ရသလဲဆိုတော့ ဇာတ်က ဘာမှ မဟုတ်ဘူး။ သူ့ Presentation ကောင်းလို့ပါ။ နောက်လမှာ ဘာဖြစ်မလဲဆိုတာကို စိတ်ဝင်စားအောင် အဆုံးကျရင် ဖြတ်ပစ်ခဲ့တယ်။ အဲဒါကြောင့်လည်း ပရိသတ်က ၃၆ လလုံး စောင့်ဖတ်တဲ့အထိ ဖြစ်ခဲ့တာပါ။ အဲဒီလို ဖြစ်တာကို သာမန်စာဖတ်ပရိသတ်က နားမလည်နိုင်ဘူး။ စာရေးဖို့ သင်ယူနေတဲ့ ကလေးတွေကို ကျွန်တော် အမြဲပြောတယ်။ ခင်ခင်ထူး ရေးတာကို ကြည့်။ သူ ဘာကြောင့် အောင်မြင်သလဲ။ သူက အဆုံးသတ်မှာ နောက်လ ဘာဖြစ်မလဲဆိုတာ စိတ်ဝင်စားအောင် ဖြတ်ပစ်နိုင်တယ်။

**စာတည်း** ။ ။ ဆရာ… အဲဒါက သူ့ဟာသူ ပေးကတည်းက တစ်လစာ ဖြတ်ပေးတာလား။ ဆရာတို့ အယ်ဒီတာအဖွဲ့က တည်းဖြတ်တာလား ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ လုံးဝ ဝင်မပါပါဘူး။ သူ့ဟာသူ တစ်လချင်း ဖြတ်ပေးတာပါ။ ဖြတ်ပြီးလို့ရှိရင် ကျွန်တော့်ဆီကို ပို့ပြီးတဲ့အခါ နောက်လအတွက် ချိတ်ပြီး ဖြတ်ပေးလိုက်တာ။ ဒီဘက်က အပိတ်နဲ့ ဟိုဘက်က အဖွင့်နဲ့ ချိတ်မိအောင် လုပ်ထားပြီးသား။ အဲဒါသာ သူ မတတ်ဘူးဆိုရင်

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လိုမှ လုပ်လို့ မရဘူး။ ကျွန်တော့်ကို အခု ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဆရာဝင်းစည်သူရဲ့ ပုံမနှိပ်ရသေးတဲ့ ဝတ္ထုရှည် သုံးပုဒ်ကို သူ့သားသမီးတွေက ကျွန်တော့်ဆီ ပို့ပေးတယ်။ ကျွန်တော်လည်း ဆရာဝင်းစည်သူကို လေးစားတဲ့ စိတ်နဲ့ အခန်းဆက် ထည့်ပေးဖို့ အစအဆုံး ဖတ်ကြည့်တယ်။ ဖတ်ကြည့်တဲ့ အခါကျတော့ အခန်းခွဲလို့ရအောင် ဖြတ်လို့ မရဘူး။ သူကလည်း ရေးခဲ့တာ အခန်းဆက်အတွက် မဟုတ်ဘဲ လုံးချင်းအဖြစ် ရေးခဲ့တာကိုး။ လုံးချင်းထုတ်မှပဲ ကောင်းမယ်။ အခန်းဆက်အတွက် အဆင်မပြေဘူး။ အဲဒီလိုမျိုးလည်း ရှိပါတယ်။

စာတည်း ။ ။ ဒါကတော့ ကျွန်တော့်ရဲ့ အမြင်ကို ပြောပြချင်တာပါ။ ရသစာပေ ရေးတဲ့အခါမှာ တချို့ကလည်း နိုင်ငံတကာ စာပေကို လေ့လာမှု အားကောင်းတယ်။ တချို့ကျတော့လည်း ပြည်တွင်းစာပေကို အားစိုက်လေ့လာတယ်။ သမိုင်းတစ်လျှောက် ယှဉ်ကြည့်လိုက်တဲ့အခါမှာ နိုင်ငံတကာ ရသစာပေကို လေ့လာမှုအားကောင်းတဲ့ စာရေးဆရာ၊ ဆရာမ အမည်တွေဟာ ပိုပြီး တွင်ကျန်နေတာ တွေ့ရပါတယ်။ ပြည်တွင်းမှာလည်း ရေးကြတယ်။ ကိုယ်ပိုင်လုံးချင်းတွေ ရေးကြပါတယ်။ အဲဒီမှာ ကြည့်ရင် နိုင်ငံတကာ စာပေလေ့လာမှု အားကောင်းတဲ့ ဆရာ၊ ဆရာမတွေက သမိုင်းမှာ ပိုတင်ကျန်တာ တွေ့ရတယ်။ အဲဒီအပေါ်မှာ ဆရာ့အမြင်လေး ပြောပြပေးပါဦး ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ဟုတ်ပါတယ်။ ကျွန်တော်တို့မှာက စာရေးနည်း အတတ်ပညာကို သင်ပေးတဲ့ ကျောင်းတွေ မရှိဘူး။ သူတို့မှာက စာရေးနည်းဖြစ်ဖြစ်၊ ဘယ်အတတ်ပညာပဲဖြစ်ဖြစ် စနစ်တကျ သင်ပေးတယ်။ တက္ကသိုလ်တွေမှာ သင်ပေးတယ်။ အပြင်မှာလည်း သီးခြားအသက်မွေးမှုဖြစ်အောင် သင်ပေးကြတယ်။ သူတို့မှာက ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဘာမှ မသင်ထားတဲ့ ကျွန်တော်တို့နဲ့စာရင် သူတို့မှာက နည်းစနစ် ပိုပြီး ကြွယ်ဝတယ်။ စိတ်ကူးစိတ်သန်းကတော့ ကျွန်တော်တို့မှာလည်း ရှိတာပါပဲ။ သို့သော် ကျွန်တော်တို့မှာ နည်းစနစ် မရှိဘူး။ သူတို့မှာ နည်းစနစ် ရှိတယ်။ အဲဒီတော့ နည်းစနစ် ပိုကျတဲ့သူက အောင်မြင်တဲ့သဘောပါ။ ကျွန်တော်တို့မှာ သင်တန်းကျောင်း မရှိတော့ သူတို့စာတွေ ဖတ်ပြီး လေ့လာရတယ်။ လေ့လာတော့ နည်းစနစ်တွေ သိလာတယ်။ အဲဒီနည်းစနစ်အတိုင်း ရေးတော့ အောင်မြင်လာတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

စာတည်း ။ ။ စာရေးဆရာ၊ ဆရာမတွေဟာ မူအားဖြင့် အဆင့် ၄ ဆင့်ကို ဖြတ်သန်းကြတယ်လို့ ကျွန်တော် မှတ်သားမိပါတယ်။ ပထမအဆင့်က စာပေကို ဝါသနာပါဖို့ စတင်လေ့လာအားထုတ်တဲ့ကာလ၊ ဒုတိယအဆင့်က စာရေးဆရာ၊ ဆရာမ ဖြစ်အောင် ကြိုးစားတဲ့အဆင့်၊ တတိယအဆင့်က စာရေးဆရာ၊ ဆရာမ ဖြစ်ပြီး စာတွေရေးတဲ့အဆင့်နဲ့ စတုတ္ထအဆင့်က စာကောင်းပေကောင်းတွေ တွင်ကျန်အောင် အားစိုက်ရေးသားတဲ့အဆင့်လို့ တွေ့ရပါတယ်။ ဒါပေမဲ့ ဆရာ… တကယ့်လက်တွေ့မှာကျတော့ စာရေးဆရာ၊ ဆရာမ တော်တော်များများဟာ စတုတ္ထအဆင့်ထိရောက်မလာဖြစ်ကြတာ တွေ့ရပါတယ်။ ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ အဲဒီကိစ္စကို ဆရာ ဘယ်လို မြင်ပါသလဲ ဆရာ။

ဆရာဝင်းငြိမ်း ။ ။ စာဖတ်တယ်၊ စာရေးတယ်၊ စာရေးဆရာ ဖြစ်တယ်၊ စာရေးဆရာ ဖြစ်တယ်ဆိုရင် စာတွေတော့ ရေးကြတာပဲ။ စာကောင်းပေကောင်း တွင်ကျန်ရစ်အောင် ဖြစ်မလာဘူး ဆိုတာက ဝမ်းစာနဲ့လည်း ဆိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ရေးရင်း ရေးရင်း ကုန်သွားတာနဲ့ဆိုင်တယ်။ ကုန်သွားတယ် ဆိုတာကို အစက ကျွန်တော် လက်မခံဘူး။ စာဖတ်တာ နည်းသွားတဲ့ သဘော။ ဘက်ထရီကို အားမသွင်းဘဲ ဆက်သုံးရင် ကုန်သွားတဲ့ သဘော။ 'Recharge' လုပ်နေရမယ်။ အမြဲဖတ်ရမယ်။ ဒါမှ စိတ်ကူး စိတ်သန်းတွေ အမြဲရလာမယ်။ စာတစ်ပုဒ်ကို ဖတ်လိုက်တဲ့အတွက် ဒါနဲ့ ပတ်သက်ပြီး ဆင့်ပွားအတွေးရလာမယ်။ ပွားလို့ရမယ်။ အဲဒီလို မဖတ်တဲ့ စာရေးဆရာဟာ ကုန်သွားတာပဲ။ ကုန်သွားတယ်ဆိုတာ အစက ကျွန်တော် လက်မခံဘူး။ မဖြစ်နိုင်ဘူး ထင်တာ။ စာမဖတ်ဘဲ တစ်နှစ်လောက်… နှစ်နှစ်လောက် ရေးကြည့်၊ ကုန်သွားလိမ့်မယ်။ စာရေးဆရာကြီးတွေရဲ့ စာတွေ မတွေ့ရတော့ဘူးဆိုတာ အဲဒါပါပဲ။ နာမည်ကြီးပါတယ်။ ဒါပေမဲ့ မရှိတော့ဘူး။ ကုန်သွားတယ်။

စောစောက နိုင်ငံခြားစာပေ ဖတ်တာနဲ့ ပတ်သက်ပြီး ကျွန်တော် တစ်ခု ထပ်ဖြည့်ပြောချင်ပါတယ်။ ရုပ်ရှင်သမားလည်း ထိုနည်းလည်းကောင်း စာဖတ်ဖို့ လိုတယ်။ နိုင်ငံခြားစာပေ လေ့လာဖို့ လိုပါတယ်။ နိုင်ငံခြားကားတွေ လေ့လာနေရမယ်။ ဥပမာတစ်ခု ကျွန်တော် ပြောပြမယ်။ အင်္ဂလိပ်စာဖတ်လို့၊

mgyoe.com

mgyoe.com

အင်္ဂလိပ်စာ လေ့လာလို့ရသွားတဲ့ ရုပ်ရှင်သမားတစ်ယောက်အကြောင်း ပြောပြမယ်။ ဆရာစိန်ခင်မောင်ရီနဲ့ အင်တာဗျူးတုန်းက သူက ကျွန်တော့်အိမ် လာခဲ့မယ်ဆိုပြီး အိမ်မှာ ထိုင်စကားပြောကြတယ်ဗျ။ စကားပြောပြီးတော့ ကျွန်တော်က စာအုပ်စင်ပေါ်က စာအုပ်လေး တစ်အုပ် သူ့ကို ပြပြီး ဆရာ ဒါလေးတစ်ပုဒ် ဖတ်ကြည့်ပါဆိုပြီး ပေးဖတ်တယ်။ ဟာစ်ချ်ကော့ရဲ့ လက်ရွေးစင်ဝတ္ထုတိုတွေပါ။ ဆယ်ပုဒ်လား မသိဘူး ပါတယ်။ ကျွန်တော် ပြတဲ့ ဝတ္ထုကို သူ ဖတ်တယ်။ 'Death is a Dream' ဝတ္ထုကို ဖတ်တယ်။ ဖတ်ရင်း တစ်မျက်နှာကျော်တော့ သူက 'ဒါ ဆောင်းအိပ်မက်ပဲကွ'တဲ့။ ဒါ ဆောင်းအိပ်မက်… တဲ့။ ဆရာ အစအဆုံး ဖတ်ကြည့်ပါဆိုတော့ ဖတ်တယ်။ အစအဆုံး တူတယ်။ ပြက်လုံးက အစ တူတယ်။ အလောင်းကို ထမ်းပြီး အိမ်ပေါ်က ဆင်းလာတယ်။ အေးအေးသင်း အလောင်းကို ဝင်းဦးက ထမ်းပြီး အိမ်ပေါ်က ဆင်းလာတယ်။ သုံးဘီးကား တစ်စီး လာနေတယ်။ ဖိုးပါကြီးက သုံးဘီးကား မောင်းလာတယ်။ ရပ်ပြီးတော့ သုံးဘီးကားသမားက ပြောတယ်။ ခေါင်းသွားပြီ ထင်တယ် ဆရာတဲ့။ ဟုတ်တယ်ဗျာ… ကျွန်တော့်မိန်းမ နည်းနည်းများသွားလို့ပါတဲ့။ ဘယ်သွားမလဲဆိုတော့ ကြံတောကိုတဲ့။ ဟာ… ခင်ဗျား မနောက်ပါနဲ့ဆိုတော့၊ ဟုတ်တယ်… ကျွန်တော် ဒီအလောင်းကို ကြံတောသွားမြှုပ်မလို့ ဆိုတော့ ဖိုးပါကြီး မောင်းပြေးရော။ အဲဒီဟာက အစ ပါတယ်။ မပါတာက ဘာလဲဆိုတော့ လက်ထပ်ပြီး အိမ်ကို ခေါ်လာတုန်းက တစ်နေရာမှာ ရပ်ပြီးတော့ မပြီးသေးသော ပန်းချီကား သီချင်းဆိုတယ်။ ဒီတစ်ကွက်ပဲ။ ကျန်တာက အားလုံး တူတယ်။ သေတ္တာကြီးကို မ,ပြီး သေတ္တာထဲက လက်ထွက်လာတာက အစ တူတယ်။

အဲဒီတော့ ဒါ ဘာအကျိုးကျေးဇူးလည်း ဆိုတော့ ဝင်းဦးသည် နိုင်ငံခြားစာဖတ်ခဲ့တဲ့ အကျိုးကျေးဇူးပဲ။ ရုပ်ရှင်ကားတစ်ကား သူ ရသွားတယ်။ ဒီတော့ ဆောင်းအိပ်မက်ဟာ နိုင်ငံခြားဇာတ်လို့ ပြောမလား၊ မြန်မာဇာတ်လို့ ပြောမလား၊ နိုင်ငံခြားကားလို့ပဲ ကျွန်တော် ပြောမယ်။ ဒါပေမဲ့ သူ အကယ်ဒမီတွေ ဘာတွေ ရသွားတယ်။ ဘာပြောမလဲ။

စာတည်း ။ ။ ဆရာ… ဆရာ့စာအုပ်တွေ အမျိုးသားစာကြည့်တိုက်မှာ လေ့လာကြည့်တော့ ဆရာမြသန်းတင့် အင်တာဗျူး (၁၉၉၂)၊ စာပေလူကြမ်းမင်းသား အောင်သင်းနှင့် တွေ့ဆုံခြင်း (၁၉၉၅)၊

mgyoe.com SAMPLE BOOK

ဝင်းငြိမ်းနှင့် စာရေးဆရာများ (၁)၊ (၂)၊ (၂၀၀၀)၊ နှစ်ကြောင်းရေး တစ်ကြောင်းခြစ် (၂၀၀၂)၊ အထီးကျန်ည (၂၀၀၄)၊ အကယ်ဒမီဖက်ရှင် (၂၀၀၇)၊ အနှစ် (၂၀၀၇) (၂၀၀၈) (၂၀၀၉)၊ မင်းမှုထမ်း (၂၀၀၉) ဆိုပြီး တွေ့ရပါတယ်။ 'အချစ်နဲ့ စစ်' ဘာသာပြန် လုံးချင်းဝတ္ထုအပြင် တခြား ဘာစာအုပ်တွေ ဆရာထုတ်ခဲ့ပါသေးလဲ ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ရှိပါတယ်။ ဝင်းငြိမ်းနှင့် စာရေးဆရာများက (၁)၊ (၂) (၃) အထိ လုပ်ခဲ့ပါတယ်။ အကယ်ဒမီဖက်ရှင်က တည်းဖြတ်တာပါ။

စာတည်း ။ ။ ဘာသာပြန်စာပေနဲ့ ပတ်သက်ပြီး ဆရာနဲ့ ဆရာနတ်နွယ် အင်တာဗျူးတုန်းက ဆရာက မေးခွန်းတစ်ခု မေးခဲ့ပါတယ်။ 'ဘာသာပြန်တဲ့ နေရာမှာ မူရင်းစာရေးဆရာရဲ့ အာဘော်ကို တိတိကျကျ ပြန်ပါသလား၊ ဒါမှမဟုတ် ဆရာ့အာဘော်ကို ထည့်လေ့ရှိပါသလား။ ခြုံငုံပြီး ပြန်ပါသလား' ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော် မေးချင်တာလည်း ဒီသဘောပါပဲ ဆရာ။ ဆရာ့ရဲ့ အချစ်နဲ့စစ်၊ အထီးကျန်ည၊ မင်းမှုထမ်း ဆိုတဲ့ ဘာသာပြန်ဝတ္ထုတွေကို ဘယ်လိုမူနဲ့ ဘာသာပြန်သလဲ ဆိုတာ ပြောပြပေးပါဦး ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ကျွန်တော် ဘာသာပြန်တဲ့အခါမှာ စာပိုဒ်တစ်ပိုဒ်ကို ဖတ်ပြီး နားလည်အောင် စဉ်းစားတယ်၊ မြန်မာအငွေ့အသက် ဖြစ်အောင် ပြန်တယ်။ မူရင်းစာရေးဆရာရဲ့ အာဘော် မလွတ်စေရဘူး။ အင်္ဂလိပ်စာလုံး တစ်လုံးမှာ 'I' ဆိုတဲ့ စာလုံးတစ်လုံးဟာ မြန်မာလိုတည့်တည့်ပြန်ရင် 'ကျွန်ုပ်'ပဲ။ ကျွန်ုပ် ဆိုတဲ့ နာမ်စားဟာ ယောကျ်ားအတွက်လည်း ဖြစ်နိုင်တယ်။ မိန်းမအတွက်လည်း ဖြစ်နိုင်တယ်။ အဲဒီတော့ ကျွန်တော် ဘာသာပြန်တဲ့အခါမှာ 'ကျွန်ုပ်'ဆိုရင် စာဖတ်သူတွေအတွက် ထောက်နေမယ်၊ အဆင်မပြေဘူး။ ဒါကြောင့် ကျွန်တော်က မိန်းမဆိုရင် 'ကျွန်မ'လို့ သုံးတယ်၊ ယောကျ်ားဆိုရင် 'ကျွန်တော်'လို့ သုံးလိုက်တယ်။ ပြီးတော့ 'you' ဆိုတဲ့ စာလုံးဟာ 'သင်'။ ဒီ သင်ဟာ ယောကျ်ားလည်း ဖြစ်နိုင်တယ်၊ မိန်းမလည်း

mgyoe.com

mgyoe.com

ဖြစ်နိုင်တယ်။ အလွှာစုံကို 'you' ပဲ သုံးတယ်။ အချစ်နဲ့ စစ်ကို ဘာသာပြန်တုန်းက ဒိုင်ယာနာ ပြောတဲ့နေရာမှာ 'ကျွန်မ'လို့ သုံးလိုက်တယ်။ သူ့ရည်းစား ဗိုလ်မှူးနဲ့ စကားပြောတဲ့ နေရာတွေမှာ အဆင်ပြေတဲ့ အသုံးအနှုန်းနဲ့ ကျွန်တော် သုံးလိုက်ပါတယ်။ အဲဒီလို ဘာသာပြန်တဲ့ နေရာမှာ ဆရာဆူဒိုနင်က ကျွန်တော့်ကို ပြောဖူးပါတယ်။ ကျွန်တော့် Transalation တွေ ကောင်းတယ်။ ဒါပေမဲ့ ဘာသာပြန်တဲ့လူရဲ့ ခံစားချက် ပါနေတယ်တဲ့။ အဲဒီပွိုင့်တစ်ခု တွေ့တယ်ပေါ့။ ကျွန်တော်က ဘာသာပြန်တဲ့နေရာမှာ ထောင့်မနေအောင်၊ ဖတ်တဲ့လူ အဆင်ပြေအောင် ပြန်တယ်။ ဒါမှလည်း ဘာသာပြန် ဖတ်တဲ့လူ ဖတ်ပျော်မယ်လို့ ထင်ပါတယ်။ ကျွန်တော်က သူ့မူရင်းအာဘော်လည်း မပျက်အောင် ပြန်ပါတယ်။ ကျွန်တော့်အာဘော်တော့ မပါဘူး။ သို့သော် အသုံးအနှုန်း ဝေါဟာရကိုတော့ ချောမွေ့အောင် ဖလှယ်ပြီး ပြန်ပါတယ်။ ဆိုကြပါစို့။ ဆရာနေဝင်းမြင့် ဘာသာပြန်တဲ့ 'ရေကန်သာ ကြာတိုင်းအေး'မှာဆိုရင် ဘာသာပြန်သူရဲ့ အရိပ်အငွေ့တွေ အများကြီး ပါတယ်။ သူက ရသသမားဆိုတော့ ရသပိုင်း ပိုပြီး ထိရောက်အောင် ဖွဲ့တဲ့သဘောပါ။

စာတည်း ။ ။ ဆရာ··· ဆရာ့ကို ပဟေဠိဆန်တဲ့ မေးခွန်းလေးတစ်ခု မေးပါရစေ ဆရာ။ ဝတ္ထုတစ်ပုဒ်ဟာ မဂ္ဂဇင်းရဲ့မူ၊ မဂ္ဂဇင်းရဲ့ အာဘော်၊ မဂ္ဂဇင်းရဲ့ ပရိသတ်လိုင်းရိပ်တွေနဲ့ ဒီမဂ္ဂဇင်းမှာ အဲဒီဝတ္ထုဟာ အဆင်မပြေဘူး။ အဲဒီဝတ္ထုဟာ တခြားမဂ္ဂဇင်းမှာ ဖော်ပြတဲ့အခါ ပရိသတ် ပြောစမှတ်ပြုသွားလောက်တဲ့ ဝတ္ထု ဖြစ်သွားရတာမျိုး အယ်ဒီတာလောကမှာ ကျွန်တော် ကြားခဲ့ဖူးပါတယ်။ ဆရာ။ ဆရာကော··· အဲဒီလို ဝတ္ထုမျိုး ကြုံဖူးပါသလား ဆရာ။

ဆရာဝင်းငြိမ်း ။ ။ ကြုံဖူးပါတယ်။ ဆိုပါစို့။ ရွှေအမြုတေမှာ ဝတ္ထုတွေက သူ့လိုင်းနဲ့သူ ရှိပြီးသား။ အဲဒီကြားထဲမှာ ဂမ္ဘီရဝတ္ထုလိုမျိုး ရောက်လာရင် ကျွန်တော် မသုံးနိုင်ဘူး။ ကျွန်တော်နဲ့ အဆင်မပြေဘူး။ ဒီဝတ္ထုမျိုး တခြားမဂ္ဂဇင်းမှာ ပါရင် ပရိသတ်အတွက် အဆင်ပြေသွားနိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ မဂ္ဂဇင်းမှာတုန်းက ဖော်ပြခွင့်မရဘူး။ တခြားမဂ္ဂဇင်းမှာ ဖော်ပြခွင့်ရသွားတယ်။ ဒီလိုလည်း ရှိပါတယ်။

mgyoe.com

**စာတည်း** ။ ။ ဆရာ… ပေဖူးလွှာမဂ္ဂဇင်းကို စာတည်းချုပ်အဖြစ် ကိုင်တွယ်ခဲ့တဲ့ ၁၉၉၁ ဩဂုတ်လထုတ် အမှတ် ၁၁၈ မဂ္ဂဇင်းဟာ နောက်ဆုံးကာလအဖြစ် တွေ့ရပါတယ်။ အဲဒီကာလက အချိန်ပိုင်းလေးတွေ ဆရာ မှတ်မိသလောက် ပြောပြပေးပါဦး။

**ဆရာဝင်းငြိမ်း** ။ ။ အဲဒီကာလက ၁၉၉၁ ဩဂုတ်လ ဆိုတော့ ကျွန်တော် အမေရိက,က ပြန်ရောက်ခါစ ပေဖူးလွှာမဂ္ဂဇင်းကလည်း ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေပြီ။ အန်ကယ်ဦးမြလှိုင်ကလည်း အိပ်ရာထဲ လဲနေပြီ။ မျိုးမြင့်ညိမ်းကလည်း မရှိဘူး။ ဒီမဂ္ဂဇင်းကို ဆက်လုပ်ဖို့ ဆရာမ မြနှောင်းညိုနဲ့ တိုင်ပင်ပြီး သူလည်း အိတ်ထဲကစိုက်၊ ကျွန်တော်လည်း စိုက်ပြီး ပေဖူးလွှာမဂ္ဂဇင်းကို ဆက်ရပ်တည်ကြပါတယ်။ တကယ့်တကယ်ကျတော့ အားမရှိဘဲ ရပ်လိုက်ရတယ်။ အဲဒါပါ။ ကျွန်တော်တို့ မနိုင်တော့တဲ့အတွက် ရပ်လိုက်ကြတာပါ။

**စာတည်း** ။ ။ ဆရာ့ရဲ့ 'ဝင်းငြိမ်း စိစဉ် တည်းဖြတ် ထုတ်ဝေသည်' ဆိုတဲ့ ရွှေအမြုတေ အတွဲ (၁)၊ အမှတ် (၁)၊ ၁၉၈၉၊ ဇူလိုင်လထုတ် မဂ္ဂဇင်းထဲမှာ အယ်ဒီတာအာဘော်ကို ဖတ်ခဲ့ရပါတယ်။ ဆရာ့ရဲ့ အာဘော်ထဲမှာ 'မဂ္ဂဇင်းအားလုံးနီးပါး တစ်ပုံစံတည်း ထွက်နေကြချိန်မှာ ကိုယ့်မဂ္ဂဇင်းကို ဘယ်လို ထုတ်မလဲလို့ စဉ်းစားကြည့်ပါတယ်။ အဖုံးကအစ ဘယ်သူနဲ့မှ မတူဘဲ မူကွဲချင်တယ်။ ဒါကြောင့် မြန်မာမဂ္ဂဇင်းလောကမှာ ဘယ်သူမှ မလုပ်သေးတဲ့ အဖုံးပုံစံနဲ့ စမ်းကြည့်လိုက်ပါတယ်' လို့ ဖော်ပြထားပါတယ်။ ကာတွန်းနဲ့ ကဗျာကဏ္ဍကို ချန်လုပ်ခဲ့တဲ့အတွက် ဝေဖန်ခံရတာမျိုး တွေ့ကြုံခဲ့ပါလား ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ ကြုံရပါတယ်။ ကိုယ်ပိုင်မဂ္ဂဇင်း လုပ်တော့မယ်ဆိုတဲ့ အခါကျတော့ အဲဒီတုန်းက မျိုးမြင့် ရှိတယ်။ သူလည်း ပါတယ်။ အဲဒီကာလက မဂ္ဂဇင်းလုပ်မယ်ဆိုရင် တစ်ခါတည်း Print လုပ်ပြီး တင်ရတယ်။ တင်ပြီးလို့ရှိရင် စာပေစိစစ်ရေးက ဖြုတ်ပါဆိုတဲ့အခါ ဖြုတ်ရမယ့် စာမျက်နှာတွေကို ကဗျာပဲဖြစ်ဖြစ်၊ ကာတွန်းပဲဖြစ်ဖြစ် ဆုတ်ရမယ့် မျက်နှာကို ဆုတ်ပေးလိုက်ရတယ်။ နောက်ကျတော့ ဆုတ်တာက စာမျက်နှာ

mgyoe.com

m gyoe.com

တွေ လျော့တယ်ဆိုပြီး ငွေမင်ပိတ်တဲ့စနစ် ဖြစ်လာပါတယ်။ နောက်ပိုင်း ငွေမင်ပိတ်တာကလည်း ဖတ်လို့ရတယ်ဆိုတော့ မိတ္တူကော်ပီတင်ခိုင်းပြီး ဖြုတ်စရာရှိတာ ဖြုတ်တဲ့စနစ် ဖြစ်လာတယ်။ ကျွန်တော်တို့ မဂ္ဂဇင်းက တင်ထုတ်လုပ်တာဆိုတော့ ဒီဇိုင်းတွေ အကုန်လုံး အပြီးအစီး လုပ်ရတယ်။ အကုန်လုပ်ပြီးမှ ရုံးတင်ရတယ်။ စာပေစိစစ်ရေးကို တင်ပြီးမှ ပုံနှိပ်ရတယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်ချင်တဲ့ဟာက ကာတွန်းဆိုရင်လည်း သာမန်ကာတွန်းမျိုး မဟုတ်တာမျိုး၊ ကဗျာဆိုရင်လည်း သာမန်ကဗျာမျိုး မဟုတ်တာမျိုးကိုမှ လုပ်ချင်တယ်။ ထိထိရှရှ၊ ခပ်စပ်စပ်မျိုးကို လုပ်ချင်တယ်။ ကာတွန်းဆိုတာ စတိုင်ယာလိုမျိုး လိုချင်တာ။ သာမန် ရယ်ရတာမျိုး မဟုတ်ဘဲ တွေးပြီးမှ ရယ်ရတာမျိုးကို လိုချင်တာ။ ဒါပေမဲ့ အဲဒီဟာတွေ ဖြုတ်ပါဆိုလို့ရှိရင် ဇာတ်က တော်တော်ရှုပ်တယ်။ ကဗျာဆိုရင်လည်း ကိုယ် ကြိုက်တဲ့ဟာမျိုးက မလွတ်နိုင်တာတွေ ဖြစ်နေတယ်။ အဲဒီတော့ ကဗျာ၊ ကာတွန်း မထည့်ဘဲနဲ့ ကိုယ်ကြိုက်တဲ့ ပုံစံနဲ့ ကျွန်တော်တို့ ညီအစ်ကိုက စလုပ်ခဲ့ကြတာပါ။ ကဗျာ၊ ကာတွန်း ပါမှ မဂ္ဂဇင်းဖြစ်ရမလား ဆိုပြီး လုပ်ခဲ့ကြတာပါ။ အဲဒီမှာ မဂ္ဂဇင်း လုပ်ပြီးတော့ ကဗျာ မပါဘူး၊ ကာတွန်း မပါဘူးဆိုပြီး ဝိုင်းပြောကြပါတယ်။ မဂ္ဂဇင်းဆိုတာ ကဗျာပါရမယ်၊ ကာတွန်း ပါရမယ်၊ ဝတ္ထုတိုပါရမယ်၊ ဝတ္ထုရှည် ပါရမယ်၊ ဆောင်းပါး ပါရမယ်ဆိုပြီး ကန့်သတ်ထားလို့ မရဘူး။ ကိုယ်ကြိုက်တဲ့ ပုံစံနဲ့ လုပ်မှာပဲလေ။ ထုတ်ဝေသူက ကိုယ်ကြိုက်တဲ့ပုံစံနဲ့ လုပ်မှာပဲ။ အဲဒီအတွက် ကျွန်တော်တို့ ညီအစ်ကို အပြင်းအထန် တိုက်ခိုက်ခံရတယ်။ ထိုးနှက်ခံရတယ်။ အခုအချိန်အထိလည်း ထိုးနှက်ခံရတုန်းပဲ။ ကျွန်တော် ပထမဆုံးလုပ်တဲ့ ၂၀၀၆ ခုနှစ် ရွှေအမြုတေစာပေဆုပေးပွဲတုန်းကဆိုရင် ကဗျာဆုရတဲ့ ကဗျာဆရာက 'ကဗျာမထည့်တဲ့ မဂ္ဂဇင်းက ကဗျာဆုရတဲ့အတွက် အများကြီး ဝမ်းသာမိပါတယ်'ဆိုပြီး ပြောသွားပါတယ်။ ကဗျာကို ကျွန်တော် မထည့်ပေမယ့် ကဗျာကို ကျွန်တော် Appreciate ဖြစ်တယ်။ ကာတွန်းကို Appreciate ဖြစ်တယ်။ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော် မထည့်တာပါ။

စာတည်း ။ ။ ဆရာ့ရဲ့ ရွှေပေးစာကဏ္ဍာတွေဟာ ဝေဖန်ဖို့၊ ရင်ဖွင့်ဖို့ သာ ဖြစ်တယ်လို့ ရွှေအမြုတေ အစပိုင်းကာလတွေ ကတည်းက ပွင့်ပွင့်လင်းလင်း ဖိတ်ခေါ်ထားတာ တွေ့ရပါတယ်။ ပြီးတော့

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာ့မဂ္ဂဇင်းဟာ ပေါ့ကဏ္ဍတွေအတွက် ဦးစားပေးပြီး လုပ်ခဲ့တာလည်း တွေ့ရပါတယ်။ ဆရာဟာ အဲဒီကာလတုန်းက ပေဖူးလွှာမှာလည်း ပင်တိုင်ဆောင်းပါးတွေ ရေးနေရတယ်။ အယ်ဒီတာအလုပ်လည်း လုပ်နေရတယ်။ ရွှေကိုလည်း တစ်ဦးတည်း မွမ်းမံတည်းဖြတ်နေတယ်ဆိုတော့ ဆရာ့အတွက် တစ်လ၊ တစ်လ မနည်း ရုန်းကန် လှုပ်ရှားနေရမှာ တွေးမိပါတယ်။ အဲဒီကာလတွေမှာ ဆရာ့ကို ဝိုင်းဝန်းကူညီခဲ့ကြတဲ့ မိတ်ဆွေတွေအကြောင်း ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း ။ ။** ကျွန်တော် အဲဒီတုန်းက ဝန်ထမ်းလုပ်နေပါတယ်။ ရွှေအမြုတေနဲ့ ပတ်သက်ပြီးတော့ ကိုမျိုး(မျိုးမြင့်ညိမ်း) က အဲဒီအချိန်မှာ ပေဖူးလွှာမှာ မလုပ်တော့ဘဲ ရွှေအမြုတေကို ဇောက်ချလုပ်နေတယ်ဆိုတော့ ရွှေအမြုတေကို ကျွန်တော် သိပ်လှည့်ကြည့်စရာ မလိုဘူး။ ကျွန်တော် ကြိုက်တဲ့ဝတ္ထုကို ရွေးပေးလိုက်ရုံပဲ။ ပေါ့ပ်ကတော့ အဲဒီအချိန်မှာ ကျွန်တော်တစ်ယောက်တည်း ရေးတာပါ။ ရွှေအမြုတေမှာ ရေးတယ်။ အပြင်လူ မပါသလောက်ဘဲ။ ရွှေအမြုတေကို ထုတ်ဝေခွင့်ရတာ ၁၉၈၉ ဇူလိုင်လမှာ ရပါတယ်။ ရွှေအမြုတေ စထုတ်ပြီးတော့ ၁၉၉၀ အောက်တိုဘာလမှာ ကိုမျိုးက အထိန်းသိမ်းခံရတယ်။ အောက်တိုဘာမှာပဲ ကျွန်တော် လေဖြတ်တယ်။ အဲဒီ အောက်တိုဘာမှာပဲ ပေဖူးလွှာ ဦးမြလှိုင် ဆုံးတယ်။ အဲဒီလိုဖြစ်သွားပြီးတဲ့အချိန် ၁၉၉၁ ဧပြီမှာ ကျွန်တော့်ရုံးက ကျွန်တော့်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှာ သင်တန်းတက်ဖို့ လွှတ်ပါတယ်။ နောက်မှာ ကျန်ရစ်ခဲ့တာက ရွှေအမြုတေ ကျန်ရစ်ခဲ့ပါတယ်။ ပေဖူးလွှာမှာလည်း ကျွန်တော် မရေးဖြစ်တော့ဘူး။ ကျန်ရစ်ခဲ့တာက ကိုမျိုးလည်း မရှိဘူး။ ကျွန်တော်ကလည်း ခရီးသွားတော့ ကိုလင်းနိုင်ဦး တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါတယ်။ မဂ္ဂဇင်းမှာ ဘာလုပ်ဆိုပြီး မှာထားလို့ ရပေမယ့် ကိုလင်းနိုင်ဦးက စာမရေးသေးဘူးဆိုတော့ ကိုမင်းစိုးအောင် ဆိုတဲ့ သူက အများကြီး အကူအညီပေးပါတယ်။ သူ ဝိုင်းလုပ်ပေးလို့ မဂ္ဂဇင်း ပုံမှန် ထွက်ခဲ့ပါတယ်။ နောက်တစ်ယောက်က ဒီဇိုင်း မြင့်မောင်ကျော်ပါ။ သူလည်း ဝိုင်းကူပြီးတော့ တစ်အုပ်လုံး ဒီဇိုင်းလုပ်ပေးပါတယ်။ ကျွန်တော် မရှိဘူး၊ ကိုမျိုး မရှိဘူး။ ဒါပေမဲ့ မဂ္ဂဇင်းက ရပ်မသွားဘဲ ကျန်တဲ့လူတွေက ဆက်လုပ်သွားပါတယ်။

mgyoe.com

mgyee.com

**စာတည်း** ။ ။ ဆရာ့ရဲ့ စာပေဖြတ်သန်းမှုတစ်လျှောက်မှာ အစောပိုင်းကာလတွေကဆိုရင် 'ဝင်းငြိမ်း ဆိုရင် ပြဿနာကို မီးထွန်းရှာတတ်တဲ့ ကောင်လို့ သတ်မှတ်သူတွေက သတ်မှတ်ကြတယ်' ဆိုပြီး ဆရာကိုယ်တိုင် မချင့်မရဲ ဖြစ်ရင်း ထအော်လိုက်တဲ့ ဆောင်းပါးတစ်ပုဒ်ကို ရွှေအမှတ် (၅) မှာ ပါတဲ့ 'ပြဿနာများနဲ့ ကျွန်တော်' ဆိုတဲ့ ဆောင်းပါးမှာ ဖတ်လိုက်ရပါတယ်။ ကျွန်တော်တို့ စာပေအနုပညာသမားတွေမှာ မောင်ရစ်သီအိုရီ ဆိုတာ ရှိပါတယ်။ မဟာဗန္ဓုလစစ်သူကြီးဟာ သူ့ရဲ့ မထင်မရှားရဲမက်ဘဝလေးကနေ သူ့ကို မင်းပရိသတ် သိအောင် နန်းရင်ပြင်မှာ တံတောင်နဲ့ ထထောင်းခဲ့တဲ့ ဖြစ်ရပ် ရှိပါတယ်။ ကျွန်တော် သိချင်တာက ဆရာ့ကို 'ဝင်းငြိမ်း'ရယ်လို့ ပရိသတ် မှတ်မှတ်ရရ ဖြစ်စေခဲ့တဲ့ စာပေပုံရိပ်မျိုး ဆရာ မှတ်မိသမျှ ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ မဟုတ်ဘူးဗျ။ ကျွန်တော့်ကို ဝင်းငြိမ်းလို့ သိစေခဲ့တာက စာပေအင်တာဗျူးတွေပါပဲ။ ဒါပေမဲ့ ဝေလင်းဟာန် ဆိုပြီး ရုပ်ရှင်အောင်လံမှာ ဂီတဆောင်းပါးတွေ ရေးခဲ့တဲ့ ကလောင်က ပိုပြီး လူသိများပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးရီးဝေဖန်ချက်တွေ ပါတဲ့ ခပ်ကြမ်းကြမ်း ရေးထားတဲ့ ဆောင်းပါးတွေက လူသိများခဲ့ပါတယ်။ ဝေလင်းဟာန်ကို ကျွန်တော်မှန်း မသိကြဘူး။ ကျွန်တော်နဲ့ အနီးကပ်နေတဲ့ လူတွေလည်း မသိဘူး။ ပလေးဘွိုင်းသန်းနိုင်တောင်မှ ဝေလင်းဟာန်ဟာ ကျွန်တော်မှန်း မသိဘူး။ အဲဒီလိုပဲ၊ အယ်လ်ခွန်းရီတို့၊ ပုလဲတို့လည်း မသိဘူး။ အဲဒီတော့ ရုပ်ရှင်အောင်လံမှာတုန်းက ဝေလင်းဟာန် ဆိုပြီး အောင်မြင်တယ်။ ပေဖူးလွှာမှာတော့ စာရေးဆရာများနှင့် တွေ့ဆုံခြင်း ဆိုပြီး ဝင်းငြိမ်းနဲ့ အောင်မြင်တယ်။ ပြဿနာရှာတယ် ဆိုတာက မေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ လူကြီးတွေနဲ့ တွေ့တဲ့အခါ ကျွန်တော်က မေးရတယ်။ မေးတဲ့ မေးခွန်းတွေအပေါ်မှာ ကျွန်တော်က ပြဿနာ ဖြစ်ရတယ်လို့ ပြောကြတယ်။ ဥပမာဆိုရင်– အဲဒီတုန်းက ပြောရရင် ကျွန်တော့်မှာ ဘုရားသခင်ပေးတဲ့ Sense တစ်ခု ရှိတယ်လို့ ပြောရမယ်။ အကြောင်းအရာတစ်ခုကို ကျွန်တော် ဖတ်ထားပြီးရင် ကျွန်တော်က မှတ်မိနေတတ်တယ်။ အဲဒီ မှတ်မိနေတာက သူနဲ့ အကြောင်းတိုက်ဆိုင်ရင် ဖျတ်ခနဲ ပေါ်လာတတ်တယ်။ ဆိုကြပါစို့။ အခုတော့ နှစ်ယောက်စလုံး ကွယ်လွန်သွားကြပါပြီ။ စာရေးဆရာမ တက္ကသိုလ်

mgyee.com

mgyoe.com SAMPLE BOOK

မြစိမ်းကို အင်တာဗျူးလုပ်ရမယ် ဆိုတော့ ကျွန်တော် သွားပြီး အင်တာဗျူး လုပ်ပါတယ်။ လုပ်တဲ့အခါ ဆရာမ ရေးတဲ့ 'နောက်တိုး' ဆိုတဲ့ ဝတ္ထုတစ်ပုဒ် အကြောင်း ပါလာတယ်။ နောက်တိုးက ဆိုင်းဆရာတွေ အကြောင်း ရေးတာ ပါ။ အဲဒီမှာ စိန်ဗေဒါအကြောင်း ရေးထားတယ်။ စိန်ဗေဒါကြီးရဲ့ဇာတိ ဘယ်မှာ မွေးဖွားတယ် ဆိုတာတွေ ပါလာတယ်။ သူ ရေးတဲ့ စိန်ဗေဒါရဲ့ဇာတိကို ဖတ်ရ တဲ့အခါ လူထုဒေါ်အမာ ရေးတဲ့ စိန်ဗေဒါရဲ့ ဇာတိနဲ့ ကွဲပြားနေတာကို ကျွန်တော် ဖျတ်ခနဲ သတိရမိတယ်။ ကျွန်တော် သံသယဖြစ်သွားပြီးတော့ ဘယ်ဟာ အမှန် ဆိုတာ မခွဲခြားနိုင်ဘူး ဖြစ်နေတယ်။ အဲဒါနဲ့ လူထုဒေါ်အမာရဲ့ စိန်ဗေဒါ အကြောင်းကို ပြန်ရှာပြီး တိုက်ကြည့်တဲ့အခါ ဇာတိ ကွဲပြားနေတာ သေချာသွား ပါတယ်။ ဆရာမမြစိမ်းနဲ့ အင်တာဗျူးတဲ့အခါ 'နောက်တိုး'ထဲမှာ ဆရာမ ရေးထားတဲ့ စိန်ဗေဒါရဲ့ ဇာတိနဲ့ လူထုဒေါ်အမာ ရေးတဲ့ စိန်ဗေဒါရဲ့ ဇာတိကို ကွဲပြားနေတဲ့အကြောင်း ကျွန်တော် မေးမိတယ်။ ဒါ မေးသင့်တယ် ထင်လို့ ကျွန်တော် မေးမိတယ်။ ဒါ မေးသင့်တယ်ထင်လို့ ကျွန်တော် မေးတာပဲ။ ဆရာမ တစ်ယောက်က တစ်မျိုး ရေးတယ်။ နောက်တစ်ယောက်က တစ်မျိုး ရေးတယ်။ ဒါကို ကျွန်တော်တို့ထက် နောက်ကျတဲ့ လူငယ်တွေ ဖတ်တဲ့အခါ ဘယ်ဟာ အမှန်ဆိုတာ ဝေခွဲမရ ဖြစ်လိမ့်မယ်။ ဒီမေးခွန်း မေးတဲ့အခါ ဆရာမမြစိမ်းက ကျွန်မဟာ ကိုယ်တိုင်ကိုယ်ကျ လိုက်မေးမြန်းပြီး၊ လေ့လာပြီး ရေးတဲ့ စာရေးဆရာမ ပါ။ တပည့်တပန်းတွေ လွှတ်၊ မေးမြန်းပြီး ရေးတဲ့ စာရေးဆရာမ မဟုတ်ဘူး၊ အဲဒီလို ပြောတယ်။ ဒီအဖြေနဲ့ ပတ်သက်ပြီး မန္တလေး ရောက်တဲ့အခါ အမေမာ ကို ဂါရဝပြုတယ်။ သူက ဘာပြောသလဲဆိုတော့ မင်း စာရေးဆရာတွေကို အင်တာဗျူး မေးတဲ့အခါ စာရေးဆရာချင်း ရန်တိုက်ပြီး မေးတယ်။ မင်း မေးခွန်းတွေကို ငါ မကြိုက်ဘူး။ ကျွန်တော်က ရှင်းပြတယ်။ မဟုတ်ဘူး အမေ… ကျွန်တော်က အမှန်ကို သိချင်လို့ပါ၊ တိုက်ပြီး မေးတာ မဟုတ်ပါဘူး ဆိုတော့ အမေက ဘာပဲဖြစ်ဖြစ် သူ ဖြေတဲ့ အဖြေက အဲဒီလိုမျိုး ဖြစ်နေတယ်။ နောက် အဲဒီလို မမေးပါနဲ့လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်က အမေမာ တို့နဲ့ ပတ်သက်ပြီး သူတို့ မကြိုက်တဲ့ဟာတွေကို ရှောင်တယ်။ ကျန်တဲ့သူတွေ တော့ မေးဖြစ်တယ်။ နောက် အထောက်တော်လှအောင်ကို မေးဖြစ်တယ်။ ကျွန်တော် မေးတာက 'သတင်းစာများသည် သမိုင်းကို ပြောနေကြသည်လို့ လူထုဦးလှက ရေးပါတယ်။ ဆရာကလည်း သတင်းစာဆရာဆိုတော့ သတင်းစာ

mgyoe.com

များက သမိုင်းကို ပြောနေကြတယ် ဆိုတာကို ဆရာ ယုံပါသလား’။ အဲဒီလို မေးတော့ ဆရာ မဖြေဘူး။ မဖြေဘဲ သူက ပြန်မေးတယ်။ သတင်းစာများက သမိုင်းကို ပြောနေကြသည် ဆိုတာကို မင်းကော ယုံသလားတဲ့။ ကျွန်တော်က မဖြေဘဲ ရယ်နေလိုက်တယ်။ အဲဒီတော့ သူက မင်း ရယ်နေတာ ငါ့အဖြေပဲတဲ့။ မင်း ငါ့ကို မမေးနဲ့တဲ့၊ အဲဒါ ငါ့အဖြေပဲတဲ့။

**စာတည်း** ။ ။ ဆရာ ရုပ်ရှင်အမြုတေမှာ ဝေလင်းဟာန် ကလောင်နဲ့ ဂီတလောက ဖြစ်ရပ်တွေ ရေးခဲ့တာနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး ဆရာ။ နောက်ပိုင်းမှာ ရုပ်ရှင်အမြုတေမဂ္ဂဇင်းနဲ့ လုံးဝမပတ်သက်တော့ပါကြောင်း၊ ဝေလင်းဟာန်၊ ဝသုန္ဒြေ တို့က ကြေညာခဲ့တာလေး ဖတ်ရလို့ပါ။

**ဆရာဝင်းငြိမ်း** ။ ။ အဲဒါက ဒီလိုဗျ။ ကျွန်တော် ပေဖူးလွှာကို ရေးနေတဲ့ အချိန်မှာ ကိုအေးကြူလေးက စာအုပ်တစ်အုပ် လုပ်ကြရအောင် ဆိုပြီး လာတိုင်ပင်တယ်။ ကျွန်တော်က လုပ်ရအောင် ကတ်ပြားမှ မရှိဘဲလို့ ပြောတော့ သူက ရတယ်၊ တက္ကသိုလ်ယဉ်ယဉ်လှဲ့ဆီမှာ ကတ်ပြား ရှိတယ်။ ကတ်ပြား ရှိရင် လုပ်လေဆိုပြီး ကျွန်တော်ရယ်··· ကိုအေးကြူလေး ရယ်၊ နောက် မောင်ဗေဒါပါ လုပ်မယ်ဆိုပြီး သုံးယောက် စီစဉ်ကြပါတယ်။ ဒါပေမဲ့ တကယ့်တကယ် စကြတော့ ကိုဗေဒါ မပါဖြစ်ဘူး။ ကိုအေးကြူလေးနဲ့ ကျွန်တော် နှစ်ယောက်တည်း လုပ်ဖြစ်တယ်။ လုပ်နေရင်းနဲ့ ရုပ်ရှင်အမြုတေက အောင်မြင်လာတယ်။ အောင်မြင်လာချိန်မှာ ကျွန်တော့်စိတ်ထဲ ဘာဖြစ်လာသလဲ ဆိုတော့ ကတ်ပြားငှားပြီး လုပ်နေရတာ မွေးစားသားတစ်ယောက်ကို ချစ်နေသလိုပဲလို့ ထင်ရတယ်။ အဲဒီအချိန်က ရွှေအမြုတေကို မလုပ်သေးဘူး။ ကိုယ်မပိုင်တဲ့ ကိစ္စတစ်ခုကို လုပ်နေရသလိုမျိုးပါ။ လုပ်တဲ့အခါ အားစိုက်ပြီး အောင်မြင်အောင် လုပ်တယ်။ အောင်မြင်လာတဲ့အခါ ပိုင်ရှင်က ပြန်သိမ်းသွားတာမျိုး ရှိတတ်တော့ လုပ်ရတာ မဖြောင့်ဘူး။ ပိုင်ရှင်က ပြန်သိမ်းသွားရင် ပက်လက်လန်ပြီး ကျန်ခဲ့မယ်။ အဲဒီအတွက် ကျွန်တော်က ရွှေအမြုတေကို ပျိုးထောင်ပါတယ်။ ဒီတော့ ရုပ်ရှင်အမြုတေရယ်၊ ရွှေအမြုတေရယ် နှစ်ခု ရှိလာတယ်။ အဲဒီမှာ ယဉ်ယဉ်လှဲ့က ဘာပြောသလဲဆိုတော့ ကိုဝင်းငြိမ်းက ရွှေအမြုတေကိုပဲ အားစိုက်တယ်။ ရုပ်ရှင်အမြုတေကို သိပ်အားမစိုက်တော့ဘူး

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုပြီး မြင်လာတယ်။ မြင်လာတော့ ကျွန်တော်က ရုပ်ရှင်အမြုတေကို မလုပ်တော့ဘူးဗျာ ဆိုပြီး ပြန်ပေးလိုက်တယ်။ အဲဒီလိုနဲ့ သတ်သတ်စီ ဖြစ်သွားပြီဆိုတော့ ကျွန်တော့်ကလောင်တွေကို ရုပ်ရှင်အမြုတေမှာ မရေးတော့ဘဲ ရွှေမှာပဲရေးတော့တယ်။ ဝသုန္ဓြေက ကိုမြတ်ခိုင် ကလောင်ခွဲပါ။ သူကလည်း ရုပ်ရှင်အမြုတေမှာ မရေးတော့ဘဲ ရွှေအမြုတေမှာပဲ ပြောင်းရေးတော့တဲ့အတွက် အဲဒီကြော်ငြာကို ထုတ်ဖြစ်လိုက်တာပါ။

**စာတည်း** ။ ။ ဆရာ့ရဲ့ ရွှေချစ်သူမှ ရွှေချစ်သူသို့ ဆိုတဲ့ ပေးစာကဏ္ဍထဲမှာ အဲဒီခေတ်ကာက မဂ္ဂဇင်းထုတ်ဖို့ဆိုရင် ကုန်သွယ်ရေး စက္ကူဝယ်ခွင့် မရဘူး။ ပုံမှန်မဂ္ဂဇင်း မဟုတ်တဲ့အတွက် ဝယ်လို့မရတာပါဆိုတဲ့ အကြောင်းလေး ဖတ်ရပါတယ်။ ကျွန်တော်လည်း အသက်လေးဆယ်မို့ ကုန်သွယ်ရေးလောကကို နားလည်ပါတယ်။ ဒါပေမဲ့ ဆရာ့အကြောင်းကို လေ့လာမယ့် နောင်လာနောက်သားတွေအနေနဲ့ ကုန်သွယ်ရေးခေတ်မှာ မဂ္ဂဇင်းထုတ်တဲ့အခါ စက္ကူကို လျှောက်လွှာတင်ပြီး ဝယ်ရတယ်ဆိုတာ သိချင်မှ သိပါမယ်။ ဆရာ ကြုံတွေ့ခဲ့ရတဲ့ စက္ကူအခက်အခဲတွေ၊ ကုန်သွယ်ရေးကာလ မဂ္ဂဇင်းတစ်အုပ် ဖြစ်အောင် ကြိုးစားရတာတွေ ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။ အဲဒီတုန်းက စက္ကူက အပြင်မှာ မရှိဘူး။ ဗမာစက္ကူ မထွက်သေးဘူး။ ထုတ်ဝေသူ ကတ်ပြားရှိတဲ့သူတွေကို ကုန်သွယ်ရေး အမှတ် (၉) မှာ လျှောက်လွှာတင်ပြီး ဝယ်ရတယ်။ ကတ်ပြားရှိတဲ့သူတွေကို မဂ္ဂဇင်းက စောင်ရေ ဘယ်လောက်လဲဆိုပြီး ကုန်သွယ်ရေးက စက္ကူချပေးတယ်။ ချပေးတော့ ကတ်ပြားရှိတဲ့သူတွေက စက္ကူကိုဝယ်။ ပုံနှိပ်ပြီးတော့ ကားပေါ်မှာ ထွက်သမျှ စာအုပ်တွေကိုတင်၊ တင်ပြီးတော့ ကုန်သွယ်ရေး ဂိုဒေါင်မှာ မဂ္ဂဇင်းတွေ အစည်းလိုက် စည်းပြီး သွားအစစ်ခံရတယ်။ သူ့မှာ စောင်ရေ ၁၀၀၀ ထုတ်တယ်ဆိုရင် ၁၀၀၀ လုံး ကားပေါ်တင်ပြီး သွားပြရတယ်။ အဲဒီက ကုန်သွယ်ရေးဝန်ထမ်းက ကားပေါ်တက်ပြီး တစ်စည်းကို ဘယ်နှအုပ် စည်းထားလဲ စစ်တယ်။ စစ်ပြီးလို့ သူက လက်မှတ်ထိုးပေးလိုက်တော့မှ ဒီစာအုပ်ကို ဖြန့်ချိခွင့်ရတယ်။ ကျွန်တော်တို့ ရွှေအမြုတေကို တင်ထုတ်လုပ်တဲ့ ကာလမှာတုန်းကကျတော့ စက္ကူမရဘူး။ တင်ထုတ်ဖြစ်တဲ့အတွက် စက္ကူ

mgyoe.com

mgyoe.com SAMPLE BOOK


မရဘူး။ စက္ကူမရတော့ စက္ကူက အရမ်းအခက်အခဲ ဖြစ်တယ်။ စက္ကူက ပြတ်သွားပြီး ဗမာစက္ကူက မထွက်သေးတော့ အရမ်းအခက်အခဲ ဖြစ်တယ်။ မဂ္ဂဇင်းတင်ထုတ် ဆိုတာ ဒီဇိုင်းတွေ အကုန်လုံး လုပ်ရတယ်။ တစ်အုပ်လုံး ပြီးအောင် လုပ်ရတယ်။ ဓာတ်ပုံတွေပါ ရုံးကိုတင်။ တင်ပြီးတော့မှ လွတ်တဲ့ ဟာတွေကို ရိုက်ရတာပါ။

**စာတည်း** ။ ။ရွှေ အမှတ် (၁၅)၊ ၁၉၉၀၊ ဒီဇင်ဘာလထုတ်မှာ ဆရာ ဆေးရုံတက်ခဲ့ရတယ် ဆိုတဲ့ သတင်းတိုလေး ဖတ်ခဲ့ရပါတယ်။ ဦးနှောက်သွေးကြောမျှင်ငယ်တစ်ခု ပိတ်သွားလို့ ၂၇ ရက် လုံးလုံး ဆေးရုံတက်ခဲ့ရတယ်လို့ သိရပါတယ်။ အဲဒီဝေဒနာ စဖြစ်လာခဲ့ပုံလေး ပြောပြပေးပါဦး ဆရာ။

**ဆရာဝင်းငြိမ်း** ။ ။အဲဒါ ဖိအားတွေ များတယ်လို့ပဲ ပြောရမှာပဲ။ နံပါတ် တစ်က ကျွန်တော့်ညီ မျိုးမြင့်ညိမ်း အဖမ်းခံရတယ်။ နံပါတ်နှစ်က အန်ကယ်ဦးမြလှိုင် ဆုံးသွားတယ်။ တစ်လတည်းမှာ ဆက်တိုက် ဖြစ်တာဆိုတော့ အဲဒီမှာ ကျွန်တော် Stroke ရတယ်။ အန်ကယ် ဦးမြလှိုင် ရက်လည်ပြီး တစ်ရက်၊ နှစ်ရက်မှာ ညပိုင်းမှာ ဇက်ထိုးတယ်။ အသက် ၄၄ နှစ်ပေါ့။ ၁၉၉၀ အောက်တိုဘာ ၂၀ ရက်ညမှာ ဇက်ထိုးတယ်။ ထုံးစံအတိုင်း အက်စပရင် ဆေးသောက်ပြီး အိပ်လိုက်တယ်။ မနက် အိပ်ရာထတော့ ထုံးစံ အတိုင်း အမေက မနက်စာ စားဖို့ ကြက်ဥကြော်ပေးတယ်။ စားပြီးတော့ ကျွန်တော် အရမ်းအိပ်ချင်တယ်ဆိုပြီး ပြန်အိပ်တယ်။ အိပ်နေတုန်း ကျွန်တော့်ညီ က အစ်ကို့ဖုန်း လာတယ်ဆိုတော့ ဖုန်းထပြောတယ်။ မင်းသား ကျော်သူဆီက ဖုန်းဆက်လာတာပါ။ ပြီးတော့ ကျွန်တော် ပြန်အိပ်နေတယ်။ အမှန်တော့ အဲဒါ သွေးတိုးနေတာ။ သွေးတိုးရှိမှန်းလည်း မသိတော့ အိပ်ချင်တယ်ဆိုပြီး အိပ်နေ တာ။ နောက်တစ်ခါ ဖုန်းလာတော့ ကျွန်တော့်ညီအငယ်ဆုံးက လာနှိုးပြန်တယ်။ သူက ရေချိုးခန်းထဲ ဝင်တော့မှာမို့လို့ သဘက်လေး ပခုံးပေါ် တင်ရင်း လာနှိုး တာပါ။ ကျွန်တော် ထလိုက်တော့ ဘယ်ဘက် ခြေထောက်ကို ခုတင်ပေါ်က ချလိုက်ချိန်မှာ ဒုန်းဆို ကျသွားတယ်။ ညာဘက် ခြေထောက်ကို ချပြီး လမ်းလျှောက်တော့ လူက လေးနေတယ်။ ဒါလည်း မသိသေးဘူး။ အမှန်ဆိုရင်

mgyoe.com

mgyoe.com SAMPLE BOOK

ဖုန်းကိုင်ရင် ညာဘက်လက်က ကိုင်နေကျ။ အဲဒီနေ့ကမှ ဘာဖြစ်မှန်း မသိဘူး။ ဘယ်ဘက်လက်က ကိုင်မိရက်သား ဖြစ်သွားတယ်။ သွားကိုင်လိုက်တဲ့အခါမှာ တယ်လီဖုန်းက ပြုတ်ကျသွားပြီး ဘယ်ဘက်လက်က တန်းလန်းကြီး ဖြစ်သွားတယ်။ ကျွန်တော် သိလိုက်တယ်။ ကမန်းကတန်း တယ်လီဖုန်း တင်ထားတဲ့ စင်ကို ကိုင်ထားမိတယ်။ လဲသွားမှာစိုးလို့။ ကျွန်တော့်ညီက ကျွန်တော့်ကို သံသယဖြစ်နေတဲ့အတွက် ရေချိုးခန်းထဲ မဝင်သေးဘဲ စောင့်ကြည့်နေတယ်။ ကျွန်တော် ခေါင်းခါပြတော့ သူက ချက်ချင်းပြေးလာပြီး ကျွန်တော့်ကို ပွေ့တော့ သူ့ကို မှီလိုက်ရတယ်။ အဲဒီတော့မှ လေဖြတ်သွားပြီဆိုတာ သိလိုက်တာ။

အမေက သူ့မှာ ဘာ Sense ရှိထားမှန်း မသိဘူး။ သူ့မှာ လေဖြတ်ရင် သုံးဖို့ဆိုပြီး လိမ်းရတယ်ဆိုတဲ့ လေးညင်းတို့ ဘာတို့နဲ့ လုပ်ထားတဲ့ ဆေးပုလင်း သူ့မှာ ရှိနေတယ်။ သူ့ဟာသူ လုပ်ထားတာ။ သူက ပုလင်းကြီး ဆွဲလာပြီး လက်တွေ၊ ခြေတွေ လိမ်း၊ သဃ်န်းကျွန်းက အနှိပ်ဆရာ ခေါ်စမ်း ဘာညာဆိုပြီး လုပ်နေတုန်း ကျွန်တော်က မဟုတ်ဘူး၊ ကျွန်တော့်ကို ဆေးရုံပို့၊ ဆေးရုံပို့ပေးပါပေါ့။ ကျွန်တော် လေဖြတ်တာက ပါးစပ် ပါမသွားဘူး။ စကားပြောနိုင်တယ်။ ခြေထောက်နဲ့ လက်နဲ့ အဓိက ဖြတ်သွားတာမို့ စကားပြောနိုင်တယ်။ ကျွန်တော်က ဆေးရုံပို့ပါပဲ။

အဲဒီတုန်းက ကျွန်တော် လခစား လုပ်နေချိန်၊ စာအုပ်လုပ်ငန်းလည်း လုပ်နေချိန် ဒါပေမဲ့ ၂၁ ရက်နေ့ဆိုတော့ စာအုပ်ကလည်း ပိုက်ဆံမပေါ်သေးဘူး။ အဲဒီအချိန်က လက်ထဲမှာ ပိုက်ဆံ ၉၀ ပဲ ရှိတယ်။ တော်တော်ကြီး တုန်လှုပ်ချောက်ချားသွားတယ်။ ဒီပိုက်ဆံ ၉၀ နဲ့ ဒီဝေဒနာကို ကုဖို့ဆိုတာ မလွယ်ဘူးလေ။ ဒါပေမဲ့ အဲဒီအချိန်က Private ဆေးရုံ မရှိသေးတော့ အရှေ့ပိုင်းဆေးရုံပဲ ပို့ပေးတယ်။ အဲဒီက ဆရာမကြီးက Round လှည့်ရင်း လေဖြတ်တာဆိုတော့ ဦးနှောက်နဲ့ အာရုံကြောဆေးရုံ သွားပါဆိုတော့ ဦးနှောက်နဲ့ အာရုံကြောဆေးရုံကို ပြောင်းတက်ခဲ့ရတယ်။ အဲဒီမှာ တစ်လနီးပါး ကုသခဲ့ရတယ်။ ခြေထောက်က ဆွဲနိုင် သွားနိုင်ပေမယ့် လက်ကတော့ မရဘူး။ ပခုံးက ဟသွားတယ်။ တန်းလန်းကြီး ဖြစ်ဖြစ်နေတယ်။

ကျွန်တော် ဇက်ထိုးတုန်းက ညာဘက်က ထိုးတာ။ ဦးနှောက်သဘောက ညာထိုးရင် ဘယ်ဖြစ်တာကိုး။ ကျွန်တော့်လိုပဲ အလားတူ ဖြစ်ခဲ့တာက မိုးမိုး(အင်းလျား)ပါ။ သူလည်း ညဘက် ဇက်ထိုးတယ်ဆိုပြီး အက်စပရင်

mgyoe.com

mgyoe.com SAMPLE BOOK

ဆေးသောက်ပြီး အိပ်ခဲ့တယ်။ နောက် ဦးနောက်သွေးကြောပြတ်ပြီး ဆုံးသွားတယ်။

**စာတည်း** ॥ ॥ ဟုတ်ကဲ့ပါ။ ဆရာ ဆေးရုံတက်နေစဉ် ကာလတုန်းက ပန်းလေးတွေ တဖြုတ်ဖြုတ် ကြွေသလို လူ့လောကထဲက ထွက်ခွာသွားသူတွေကို ကြည့်ပြီး နောက်နောင် အပုပ်ချစာပေမျိုးတွေ မဖော်ပြတော့ဘူးဆိုတဲ့ အတွေးဝင်လာပြီး ဆရာ့အယ်ဒီတာ့အာဘော်ထဲမှာ ထည့်ကြော်ငြာခဲ့ပါတယ်။ ဆရာက မဂ္ဂဇင်းလောကမှာလည်း ကျင်လည်နေတယ်။ ဂီတ ရုပ်ရှင်အသိုင်းအဝိုင်းမှာလည်း ကျင်လည်နေတယ်ဆိုတော့ အဲဒါတွေ နေ့တိုင်း ကြားနေရတဲ့ လောကထဲကနေ ဘယ်လိုလုပ် ခွဲထုတ်မလဲ။ တကယ့် အနှစ်သာရရှိတဲ့ သတင်းမျိုးကိုချည်း ဖြစ်အောင် ဘယ်လိုလုပ် ပြင်ဆင်မှာလဲ ဆရာ။

**ဆရာဝင်းငြိမ်း** ॥ ॥ ဒီစာနယ်ဇင်းလောကမှာ စောစောက ခင်ဗျား ပြောခဲ့သလို မဟာဗန္ဓုလထုံး နှလုံးမူခဲ့တဲ့ စာနယ်ဇင်းသမားတွေ အများကြီး ရှိခဲ့တယ်။ ဒါတွေကတော့ ပါစင်နယ်ကိစ္စတွေ၊ မင်းသမီးတစ်ယောက်ရဲ့ အတွင်းရေး၊ မင်းသားတစ်ယောက်ရဲ့ အတွင်းရေး၊ ဒါမျိုးတွေကို ဘယ်သူဘယ်ဝါမှန်း သိအောင် နာမည်ကတော့ သုံးလုံး၊ ဗုဒ္ဓဟူးနံနဲ့ စတဲ့… ။ ဒီလိုမျိုး ရေးတာတွေက ပရိသတ်က စိတ်ဝင်စားတာတော့ မှန်ပါတယ်။ တစ်ဖက်က ကာယကံရှင်ဘက်က ကြည့်တော့ တော်တော်လေး နစ်နာတာတွေ့ရတယ်။ အရင်ကတော့ အဲဒါမျိုးတွေ ကျွန်တော် ကြိုက်ပါတယ်။ နောက်ကျတော့ ဆေးရုံမှာ ကျင်လည်ရင်း ကျွန်တော် စဉ်းစားမိတော့ ဒါတွေက ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ တကယ် မဆိုင်ဘူး။ သရုပ်ဆောင်တစ်ယောက်ကို ကြည့်မယ်ဆိုရင် ပိတ်ကားပေါ်က သူ့ရဲ့ သရုပ်ဆောင်မှု၊ ဖန်သားပြင်ပေါ်က သရုပ်ဆောင်မှုသာ ကျွန်တော်တို့နဲ့ ဆိုင်တယ်။ နောက်ကွယ်ကိစ္စ ကျွန်တော်တို့နဲ့မဆိုင်ဘူး။ သူလည်း ပုထုဇဉ်လူသား တစ်ယောက်ပဲ ဖြစ်တဲ့အတွက် ဖောက်ပြန်တာ ရှိချင်ရှိမယ်၊ ကောင်းတာ ရှိချင်ရှိမယ်၊ ဆိုးတာ ရှိချင်ရှိမယ်၊ အရက်သောက်ချင် သောက်မယ်၊ ဘိန်းရှူချင် ရှူမယ်၊ ရှိနိုင်တယ်။ ဒါတွေက ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ စာပေသမားနဲ့ မဆိုင်ဘူးလို့ ကျွန်တော် ထင်တယ်။ အစပိုင်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဒါတွေ ကောင်းတယ်လို့ ထင်တယ်။ နောက်တော့ မကောင်းဘူး၊ မရေးသင့်ဘူး လို့ မြင်လာတယ်။ ဒီနည်းနဲ့ နာမည်မကြီးချင်ဘူး။ ရွှေအမြုတေကို ဒီနည်းနဲ့ မအောင်မြင်စေချင်ဘူး။ အဲဒါတွေ ကျွန်တော် မထည့်တော့ဘဲ ရိုးရိုးရသစာပေ ဘက်ကို သွားတယ်။ ပေါ့ပ်ဆိုရင်လည်း ပေါ့ပ်နဲ့ ပတ်သက်တဲ့ ရုပ်ရှင်ကားတွေ အကြောင်း ရေးတယ်။ ကောင်းခြင်း၊ မကောင်းခြင်းက ကျွန်တော်တို့နဲ့ မဆိုင် ဘူး။ ကျွန်တော်တို့က တင်ပြဖို့ပဲ ရှိတယ်။ ဂီတလည်း ထို့အတူပဲ။ ဗီဒီယိုလည်း ထို့အတူပဲ။ ကျွန်တော် ရေးပေးခဲ့တယ်။ အခုထိ အဲဒီလိုပဲ ကျွန်တော် ခံယူပါတယ်။ သိပ်ကြိုက်တဲ့ကားဆိုရင်တော့ ကြိုက်တဲ့အကြောင်း ရေးတယ်။ သိပ်မကြိုက်တဲ့ ကားဆိုရင်တော့ သင့်သလိုပဲ။

ကျွန်တော်တို့ဆီမှာ ရုပ်ရှင်နဲ့ ပတ်သက်ပြီးတော့ ရေးနေတဲ့သူတွေမှာ မကွဲပြားတာ ရှိတယ်။ ပရီဗျူးနဲ့ ရီဗျူး။ ပရီဗျူးဆိုတာက ကျွန်တော်တို့ကို ဦးဦးဖျားဖျား ကြည့်စေချင်လို့ ပြတာ။ အဲဒါ ပရီဗျူး။ ရီဗျူးဆိုတာက ခံစား သုံးသပ်စေချင်လို့ ပြတာ။ ပရီဗျူးပြတာကို ကြည့်ပြီး ဝေဖန်လိုက်မယ်၊ အားနည်းချက်တွေကို ထောက်ပြလိုက်မယ်ဆိုရင် သူ့မှာ စီးပွားရေးအရ ထိခိုက် မယ်။ ပရီဗျူးမှာ နိုင်ငံတကာ ရုပ်ရှင်အကြောင်း ရေးသူတွေလည်းပဲ ဘယ်တော့မှ ထိခိုက်အောင် မရေးဘူး။ ကောင်းတာ၊ မကောင်းတာကို မဝေဖန်ဘူး။ ကြိုက် ရင်တော့ ကောင်းတယ် ပြောတယ်။ ရီဗျူး ဆိုတာတော့ ရုံတင်နေပြီဖြစ်တဲ့ အတွက် ကောင်းတာ၊ မကောင်းတာ ထောက်လို့ရတယ်။ အခုဟာက ပရီဗျူးနဲ့ ရီဗျူး ရောနေကြပြီးတော့ ကိုယ့်ကို ဦးဦးဖျားဖျား ပြတာကို အခွင့်ကောင်းယူပြီး အားနည်းချက်တွေ ထောက်တာ ရှိတယ်။ ကျွန်တော်ကတော့ အဲဒါ မဖြစ်သင့် ဘူးလို့ ထင်ပါတယ်။ ဒါက ကျွန်တော့် ခံယူချက်ကို ပြောတာပါ။ ကျန်တဲ့ သူတွေတော့ မပြောတတ်ဘူး။

များသောအားဖြင့် ပရီဗျူး ပြတာ ကြုံရပါတယ်။ 'မိုးညအိပ်မက်မြူ' ဆိုရင် တစ်ရုံလုံးမှာ ကျွန်တော်နဲ့ ကိုလင်းနိုင်ဦး နှစ်ယောက်တည်း။ တစ်နေ့ကပဲ 'ကျောက်စက်ရေ' ပြတုန်းက ဆိုရင် ကျွန်တော်နဲ့ ကိုလင်း ရှိတယ်။ ပရိုဂျူဆာ ရှိတယ်။ ဒါရိုက်တာ ရှိတယ်။ လေးယောက်ပဲ။ ဒါရိုက်တာက ဆင်ဆာ လုပ်ထားတာတွေ စင်လား၊ မစင်လား လာကြည့်တာဆိုတော့ မင်းသား၊ မင်းသမီးသော် လည်းကောင်း၊ ရုပ်ရှင်ပရိုဂျူဆာသော် လည်းကောင်း ကျွန်တော်

mgyoe.com

နဲ့ အဆင်ပြေတယ်။ တစ်ခါ ဆက်ဆံပြီးရင် နောက်ထပ် မိတ်ပျက်သွားတာမျိုး မဟုတ်ဘဲ ရေရှည်ဆက်ဆံလို့ရတယ် ဆိုတာ အဲဒါပဲလေ။ ပရိဗျူးကို ရီဗျူး မလုပ်ဘူး။ ပရိဗျူးကို ပရိဗျူးပဲ ထားတယ်။ မင်းသား၊ မင်းသမီးနဲ့ ပတ်သက်လို့လည်း နောက်ကွယ်က သတင်းတွေကို မရေးတဲ့အတွက် ပရိသတ်အပေါ် သစ္စာဖောက်တယ်လို့ ကျွန်တော် မမြင်ဘူး။ ကျွန်တော်နဲ့မဆိုင်တဲ့အတွက် ကျွန်တော် မရေးတာ။ အဲဒီတော့ ဘာဖြစ်လာသလဲဆိုတော့ မင်းသား၊ မင်းသမီးတွေ၊ သူတို့အတွင်းရေးတွေ ကျွန်တော့်ကို ပြောရဲတယ်။

**စာတည်း** ။ ။ ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် တွေ့တယ်။ ဆရာ အမေရိက ရောက်နေတုန်းက ကိုကိုင်ဇာနဲ့ မမေခလာတို့ အကြောင်းကို ဆရာ မပြောချင်တဲ့အတွက် ကိုကိုင်ဇာကို 'ညီလေး မင်း ပြောကွာ' ဆိုပြီး အင်တာဗျူးကတည်းက ကျွန်တော် ရိပ်တော့ ရိပ်မိခဲ့ပါတယ်။ သူကိုယ်တိုင် ပြောတာ ပိုထိရောက်မယ်လို့ မြင်တာပဲလို့ပါ။

**ဆရာဝင်းငြိမ်း** ။ ။ ဟုတ်တယ်၊ ကျွန်တော် မပြောဘူး။ သူတို့အတွင်းရေးတွေကို မပြောဘူးဆိုတဲ့အတွက် မင်းသား၊ မင်းသမီးတွေ ကျွန်တော့်ကို အိတ်သွန်ဖာမှောက် ပြောဖို့ ဝန်မလေးဘူး။ တချို့ကိစ္စတွေဆိုရင် သူတို့မိဘတွေကို မပြောရဲတဲ့ ကိစ္စကိုတောင် ကျွန်တော့်ကို ပြောရဲတယ်။ တချို့သရုပ်ဆောင်တွေဆိုရင် ညရှူတင်တွေ ပြီးလို့ ည ဆယ့်နှစ်နာရီ၊ တစ်ချက်မှန်းမသိ သူတို့ ပြောစရာရှိတဲ့ ကိစ္စတွေ ကျွန်တော့်ကို ပြောတာပဲ။ နေ့တွေ၊ ညတွေ သိပ်ရွေးမနေဘူး။ နာမည်တွေ ထည့်ပြောတဲ့အတွက် ကျွန်တော်က နာမည်တွေ ထည့်မပြောနဲ့၊ ဖုန်းဆိုတာ လိုင်းပူးတတ်တယ်ဆိုပြီး ကလေးတွေကို တားရတယ်။ အဲဒီတော့ သူများ မသိတဲ့ အတွင်းရေးတွေကို ကျွန်တော် သိတယ်။ သို့သော် မရေးတဲ့အတွက် သူတို့ရဲ့ ဘယ်လို ပြောမလဲ၊ တိုးတိုးဖော်ပေါ့၊ တိုင်ပင်လို့ရတဲ့သဘော။

ဒါကြောင့် မင်းသား၊ မင်းသမီး အများစုက ညီ၊ ညီမတွေလို၊ တူ တူမတွေလို၊ သားသမီးတွေလို များသောအားဖြင့် ဖြစ်သွားကြတယ်။ ပြီးတော့ စာရေးဆရာ၊ ဆရာမတွေလည်း အဲဒီလိုပဲ။ ကျွန်တော် အင်တာဗျူးလုပ်ပြီးတဲ့

mgyoe.com